# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁-၉-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **၁၉၈၂ ခုနှစ် နိုင်ငံသား ဖြစ်မှု ဥပဒေအရ မှတ်ပုံတင်ပြုလုပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာနမှ နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးရာ၌ ပြန်လည်စိစစ်ရန် ညွှန်ကြားထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးမည့် သစ္စာစီမံချက်ကာလအတွင်း ကျန်ရှိနေသေးသော အိမ်ထောင်စု များအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင် တစ်မျိုးမျိုး အမြန်ဆုံး ထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **သောက်သုံးရေ ပြတ်လပ်သည့် ဘေးဒုက္ခများကို ကြိုတင်ကာကွယ်မှုအနေဖြင့် မိုးရေများအား အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် ရေတွင်း၊ ရေကန်၊ ရေလှောင် တမံများ ပြင်ဆင်ခြင်း၊ အသစ်တူးဖော်ပေးခြင်း အစီအမံများ ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်းကျေးရွာရှိ ငပိထုပ်တာတမံကို ဆည်ဖို့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **စိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူဦးကြီးများ၏ လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် စက်ယန္တရားများ အပါအဝင် အခြားသွင်းအားစုများကို ပိုမိုပံ့ပိုး၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာနှင့်အရပ်ဘက် အဖွဲ့အစည်းများ၏ အကူအညီများဖြင့် မြစ်ချောင်းများကို စနစ်တကျ ပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို စနစ်တကျ ထိန်းသိမ်း ပြုပြင်ခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန် တစ်ရပ်အနေနှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ် စစ်တောင်းမြစ်ကမ်းတစ်လျှောက် ရေငန်တား တမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေး ဆောင်ရွက်မည့် အစီအစဉ်များအား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မတ်လ(၂)ရက်နေ့အား တောင်သူလယ်သမားနေ့ဟု သတ်မှတ်ထားခြင်းအစား ဆရာစံတောင်သူလယ်သမား အရေးတော်ပုံ၏ အထင်ကရ ရက်နေ့ တစ်နေ့အား ရွေးချယ်၍ တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က **"မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၇)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၀၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၃) ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထက် ခွင့် ၁ ရက်၊

(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၂ ရက်၊

(၆) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်နှင့်

(၇) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်ခွင့် ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအရ မှတ်ပုံတင်ပြုလုပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာနမှ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးရာ၌ ပြန်လည်စိစစ်ရန် ညွှန်ကြားထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမယ့်မေးခွန်းကတော့ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအရ မှတ်ပုံတင်ပြုလုပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူအား သွေးနှောဖြစ်သဖြင့် ပြန်လည်စိစစ်ရမည်ဟုဆိုကာ မှတ်ပုံတင်ပြုလုပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုကြောင့် ဝန်ကြီးဌာနက နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးရာတွင် သွေးနှောပြန်လည်စိစစ်ရန် ညွှန်ကြားထားခြင်း ရှိ/မရှိ သိလိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မဲဆန္ဒနယ်မှာရှိတဲ့ နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသော နိုင်ငံသားများဟာ နိုင်ငံသားမှတ်ပုံတင်သွားလုပ်တဲ့အခါမှာ သွေးနှောဆိုပြီးတော့ အနည်းဆုံး ခြောက်လကနေ တစ်နှစ်လောက်အထိ ကြန့်ကြာနေတာကို တွေ့ရပါတယ်။ သာဓကတစ်ခုအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှာ လဝက ပုံစံ ၆၆/၆ နဲ့ နေထိုင်တဲ့ မိသားစုတစ်ခုက အဖေက ၁၄/ဝခမ(နိုင်) မှတ်ပုံတင်ကိုင်ဆောင်တဲ့သူဖြစ်ပြီး၊ အမေကလည်း ၁၄/ဝခမ(နိုင်) ပဲ ထွက်ခဲ့ပြီးဖြစ်ပါတယ်။ ဝခမ ဆိုတာ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးပါ။ အဲဒီမှာ သူ့ရဲ့သမီးအငယ်ဆုံးက မှတ်ပုံတင်လုပ်တဲ့အခါမှာ ခြောက်လကျော်ကြန့်ကြာနေတဲ့အတွက် ကျွန်တော်တို့ထံ လာရောက်ပြီး အကူအညီတောင်းပါတယ်။ အဲဒီအခါမှာ သူ့ဆီက စာရွက်စာတမ်းတွေတောင်းကြည့်တဲ့အခါမှာ သူ့ရဲ့အဖေကလည်း နိုင်ငံသားမှတ်ပုံတင်ရှိတယ်။ အမေကလည်း နိုင်ငံသားမှတ်ပုံတင်ရှိတယ်။ သူက ညီအစ်မသုံးယောက်ရှိပါတယ်။ အစ်မအကြီးဆုံးကလည်း ၁၄/ဝခမ(နိုင်)နဲ့ပဲ မှတ်ပုံတင်ရပါတယ်။ အဲဒီတော့အစ်မအငယ်ကျတော့ ၁၂/ဒဂမ

(နိုင်)နဲ့ပဲရပါတယ်။ အဲဒီတော့ အပေါ်မှာရှိတဲ့ လေးယောက်လောက်က မှတ်ပုံတင်ရရှိပြီးမှ အငယ်ဆုံး သမီးမှတ်ပုံတင်လုပ်တဲ့အခါမှာ အဖေက တရုတ်သွေးနှောနေတဲ့အတွက် ပြန်လည်စိစစ်နေရပါသည်လို့ အကြောင်းပြပြီးတော့ ခြောက်လကျော် ကြန့်ကြာနေပါတယ်။ အဲဒီတော့ ကျွန်တော်က လဝက စုံစမ်းတဲ့အခါ လဝက သွေးနှောစိစစ်ရမယ်ဆိုပြီးတော့ စိစစ်နေတာကြောင့်မို့လို့ ဒီလိုကြန့်ကြာနေတယ် လို့ဖြေပါတယ်။ အဲဒီတော့ ကျွန်တော်က မေးပါတယ်။ သမီးရဲ့အစ်မတွေ ၁၂/ဒဂမ(နိုင်)၊ ၁၂ ဆိုတာ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှတ်ပုံတင် ဘယ်လိုရခဲ့သလဲ။ ဆရာ ကျွန်မတို့က ငွေတစ်သိန်း ပေးရပါတယ်။ အဲဒီငွေတစ်သိန်းကို ဘယ်သူကို ပေးရလဲမှတ်မိသလား။ အဲဒီမှတ်ပုံတင်မှာ လက်မှတ် ထိုးတဲ့ ဦးစီးမှူးကို ငွေတစ်သိန်းပေးလိုက်မှ လက်မှတ်ထိုးပြီး အဲဒီမှတ်ပုံတင်ရပါတယ်လို့ ကျွန်တော်ကို ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော် တိုင်စာတစ်စောင်အနေနဲ့ရေးပြီးတော့ ဒီမေးခွန်းမမေးခင် တစ်လကကြိုပို့လိုက်ပါတယ်။ လာရောက် စစ်ဆေးကြတယ်လို့ကြားပါတယ်။ သို့သော်ငြားလည်း ဘာမှမဖြစ်ကြပါဘူး။ အဲဒီတော့ အဲဒီအပြင် အခု ညီမအငယ်ကို မှတ်ပုံတင်လုပ်ပေးမယ်။ နင်ရုံးလာခဲ့ဆို ခေါ်တယ်။ ခေါ်တဲ့အခါ သွားတဲ့အခါမှာ နိုင်(၁)၊ နိုင်(၂)စိစစ်ရမယ်။ ဆိုတဲ့အဓိပ္ပာယ်က အဖေ၊ အမေရဲ့ မှတ်ပုံတင်ကို ပြန်စစ်မယ်။ အဲဒါ ဝါးခယ်မကို သွားပေးရမယ်လို့ ပြောပါတယ်။ အဲဒီတော့ ဝါးခယ်မသွားပြီးတော့ အဲဒီဥစ္စာယူတဲ့အခါမှာ သူတို့မှာ ငွေကြေးကုန်ကျမှုတွေရှိခဲ့တယ်လို့ သိရပါ တယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းက အဖေနိုင်ငံသား၊ အမေနိုင်ငံသားက မွေးတဲ့ လူက ဥပဒေအရ အလိုအလျောက်နိုင်ငံသားဖြစ်ရမယ့်ကိစ္စတွေမှာ သွေးနှောပြန်လည်စိစစ်တယ်ဆိုပြီး အကြောင်းပြချက်နဲ့ကြန့်ကြာနေတဲ့အတွက် ဝန်ကြီးဌာနက သွေးနှောပြန်လည်စိစစ်ဖို့ ညွှန်ကြား ထားခြင်းရှိ/မရှိနှင့် အကယ်၍ ညွှန်ကြားထားတယ်ဆိုလျှင် အဘယ်ကြောင့်ညွှန်ကြားထားတယ်ကို သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သ

အပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် ဖြေကြားရမယ်ဆိုရင် မှတ်ပုံတင်ပြုလုပ်ရာမှာ သွေးနှောဖြစ်သဖြင့် ပြန်လည်စစ်ဆေးရမယ်ဆိုတဲ့ ကျွန်တော်တို့ ညွှန်ကြားချက်ကို ကျွန်တော်တို့ဌာနက ညွှန်ကြားထားတာရှိပါတယ်။ အဲဒီလို ညွှန်ကြားထားရခြင်းနှင့် စိစစ်ရခြင်းအကြောင်းရင်းကို ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားဥပဒေမှာ နိုင်ငံသားကို မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဆိုပြီးတော့မှ နှစ်မျိုးနှစ်စားသတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၅ အရ တိုင်းရင်းသားများဟာ မွေးရာပါနိုင်ငံသားများဖြစ်ပါတယ်။ နိုင်ငံသားဥပဒေပုဒ်မ ၆ မှာ မြန်မာနိုင်ငံသားဥပဒေမပေါ်မီ ယခင်နိုင်ငံသားဥပဒေများအရ နိုင်ငံသားဖြစ်ခဲ့သူများကို ယခုမြန်မာနိုင်ငံသားဥပဒေက နိုင်ငံသားအဖြစ် ဆက်လက်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီလူများကတော့ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားအဖြစ် ရရှိလာသူများ ဖြစ်ပါတယ်။ အဲဒီလူများထဲက နိုင်ငံသားဥပဒေ အတည်ပြုတဲ့နောက်ပိုင်းမှာ မွေးဖွားလာတဲ့ သားသမီးများသည်လည်းပဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇ အရ နိုင်ငံသားများဖြစ်ကြပါတယ်။ အဲဒီလူများကို ဥပဒေအရ နိုင်ငံသားလို့ သတ်မှတ်ထားတာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်တဲ့နေရာမှာ ဥပဒေအရ နိုင်ငံသားသွေးနှောများအတွက် တင်ပြအထောက်အထားများ မှန်ကန်မှုရှိ/မရှိ၊ မိဘနှစ်ပါးမှ ရရှိထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားဟာ ဥပဒေနှင့်အညီ မှန်ကန်စွာထုတ်ပေးထားခြင်း ရှိ/မရှိ အထောက်အထားများနှင့် စိစစ်ပြီးမှသာ ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို စိစစ်ရတဲ့ကိစ္စကတော့ မိဘနှစ်ပါးရရှိထားတဲ့ နိုင်ငံသားစိစစ်ရေကတ်ပြားများ ပြန်လည်စိစစ်ရာနှင့်ပတ်သက်ပြီးတော့မှ မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြဋ္ဌာန်းပါတယ်။ လုပ်ထုံးလုပ်နည်းများကိုတော့ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အဲဒီဥပဒေနှင့်အညီ စိစစ်ရေးလုပ်ငန်းများကို ၁၉၈၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ကစပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ စတင်ဆောင်ရွက်တဲ့အချိန်မှာ မြန်မာနိုင်ငံအတွင်းနေထိုင်သူများအားလုံးကို တစ်ပြိုင်နက်တည်း

**မူကြမ်း**

ဆောင်ရွက်ရန်မဖြစ်နိုင်တဲ့အတွက် အသက် ၁၀ နှစ်ပြည့်ပြီးမှတ်ပုံတင်မရှိသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ အသက် ၃၀ ပြည့်သူများကို အဆင့်သုံးဆင့်ခွဲပြီးတော့မှ တစ်ဆင့်ချင်းအလိုက် စိစစ်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဲဒီအချိန်တုန်းက ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ လက်မှတ်ရေးထိုးပြီးတော့မှ ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီရွေးချယ်တင်မြှောက်ပွဲမှာ မဲဆန္ဒပေးခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင် မဲပေးစေရန် အဲဒီအချိန်မှာရှိတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ညွှန်ကြားခဲ့တဲ့အတွက် ၁၉၈၉-၁၉၉၀ ခုနှစ်မှာ နိုင်ငံတစ်ဝှမ်းလုံးမှာ အထူးစီမံချက်နဲ့ ၁၈ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပါတယ်။ အချိန်နှင့်ဆောင်ရွက်ရမယ့်အရေးအတွက်မျှတမှုမရှိတဲ့အတွက် သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ဖို့မိမိဝန်ထမ်းများအင်အားဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် လုပ်အားပေးများစွာဖြင့် ဆောင်ရွက်ခဲ့ရပါတယ်။ နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်သူအချို့ကလည်းပဲ အလားတူပဲ နိုင်ငံသားမဟုတ်သူထဲမှ ရှိတဲ့လူ အချို့ လူမျိုးအမည်နှင့် ကိုယ်ရေးအချက်များကို ဖုံးကွယ်ပြီးတော့မှ တိုင်းရင်းသားအဖြစ်၊ တချို့ကလည်းပဲ မဟုတ်မမှန် ဖော်ပြလျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ ဥပဒေနှင့်အညီ သေချာစွာ စိစစ်နိုင်ခြင်းမရှိဘဲ ရွေးကောက်ပွဲအမီကတ်ထုတ်ပေးနိုင်ရေးကိုသာ ဦးတည်ရတဲ့အတွက် မမှန်ကန်သူများလည်းပဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိသွားခဲ့ကြပါတယ်။ လုပ်ငန်းမြန်ဆန်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလက်မှတ်ရေးထိုးခွင့်ကိုလည်းပဲ ယခင်တုန်းက ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်ရေးထိုးရာမှ ပြည်နယ်နှင့် တိုင်းဦးစီးမှူး၊ ဒုတိယပြည်နယ်နှင့်တိုင်းဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများမှ ဆောင်ရွက်ခဲ့တဲ့အတွက် အဲဒီအချိန်တုန်းက ၁၈ နှစ်ပြည့်သူအားလုံးနီးပါး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိခဲ့ပါတယ်။ အဲဒီစီမံချက်ကာလအပါအဝင် နောက်ပိုင်းကာလများမှာတော့ စိစစ်မှုအားနည်းတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြန်လည်စိစစ်နိုင်ဖို့အတွက် ကာယကံရှင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးပြီးတော့ မိတ္တူလာရောက်လျှောက်ထားရာတွင်သော်လည်းကောင်း၊ သားသမီးများက နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင်သော်လည်းကောင်း၊ ၎င်းတို့ရဲ့ နိုင်ငံသားဖြစ်မှုနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှုကို မှန်ကန်မှုရှိပြီး ဥပဒေနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ရပါတယ်။ အဲဒီလိုစိစစ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှန်ကန်စွာ ရရှိသူများအတွက် ဘာပြဿနာမှမရှိဘဲနဲ့ ၎င်းတို့ရဲ့နိုင်ငံသားဖြစ်မှုအခြေအနေအရ ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။ မဟုတ်မမှန် လိမ်ညာဖော်ပြ၍ ရရှိထားသူများဖြစ်ပါကလည်းပဲ

ပြန်လည်စိစစ်ခြင်းဖြင့် အမှန်ကိုပြန်လည်တည့်မတ်ပြီးတော့မှ နိုင်ငံသားအရည်အချင်းရှိ/မရှိကို လည်းပဲ ဥပဒေနှင့်အညီ ဖော်ထုတ်သိရှိနိုင်မှာဖြစ်တဲ့အတွက် ပြန်လည်စိစစ်ခြင်းဖြင့် ကာယကံရှင် အတွက်သာမကဘဲနဲ့ နိုင်ငံတော်အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမှာဖြစ်ပါတယ်။ နိုင်ငံသားဖြစ် ခြင်းဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာနှင့်အညီ နိုင်ငံတော်လုံခြုံ ရေးအတွက်လည်း အရေးကြီးတဲ့အတွက် နိုင်ငံသားအရည်အချင်းပြည့်မီခြင်းမရှိသူတစ်ဦးကို နိုင်ငံသားဖြစ်ခွင့်ပြုခဲ့ပါက နိုင်ငံတော်အတွက် ရေရှည်မှာလည်း မလိုလားတဲ့ပြဿနာများ ဖြစ်နိုင်တာ ဖြစ်တဲ့အတွက် ဒါတွေကို ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ ဝန်ထမ်းများအနေနဲ့ မိဘဘိုးဘွားများ ဆိုင်ရာအချက်အလက်များကို စနစ်တကျစိစစ်ရတဲ့တာဝန်ရှိသကဲ့သို့ ကာယကံရှင်များဘက်ကလည်း ပဲ အထောက်အထားအချက်အလက်ပြည့်စုံမှန်ကန်စွာ တင်ပြဖို့လိုပါတယ်။ ဥပဒေနှင့်အညီ ညီညွတ် တယ်ဆိုရင် နိုင်ငံသားအဖြစ်ကို ရရှိမှာဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့နိုင်ငံသား အရည်အချင်း ပြည့်မီမှု ရှိ/မရှိဆိုတဲ့အချက်သည် အရေးကြီးပြီးတော့မှ စနစ်တကျစိစစ်ဖို့ လိုအပ်ပါတယ်။ ဥပဒေအရ နိုင်ငံသားသွေးနှောသူများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှုများမှာ ၎င်းတို့တင်ပြရမယ့် အထောက်အထားစုံလင်မှုနှင့် ရုံးမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်မှုအပေါ် မူတည်ပြီးတော့မှ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးသို့ အမှု တစ်ခုချင်းအလိုက် အထောက်အထားများဖြင့် တင်ပြရခြင်းကြောင့် ထိုက်သင့်တဲ့အချိန် ကြာမြင့်နိုင် ကြောင်းကိုလည်းပဲ ပြည်သူလူထုကို အသိပေးတင်ပြထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆၊ ပုဒ်မ ၇ နှင့်အကျုံးဝင်တဲ့ နိုင်ငံခြားသားသွေးနှောဥပဒေအရ နိုင်ငံသားများရဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ကာယကံရှင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်တဲ့ အထောက်အထားများကို ဥပဒေနှင့်အညီ စိစစ်ဖို့ ဆောင်ရွက်တဲ့လုပ်ငန်းအဆင့်ဆင့်ကို ညွှန်ကြား ချက်များနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ဖို့၊ မလိုလားအပ်တဲ့ အချိန်ကြာမြင့်မှုတွေ၊ အချိန်ဆွဲ ဆောင်ရွက်မှုတွေ၊ ငွေကြေးလာဘ်လာဘတောင်းခံမှုတွေ၊ ငွေကြေးလာဘ်လာဘမျှော်ကိုးပြီးတော့မှ ပညာပြဆောင်ရွက်ပေးမှုတွေ၊ ဆက်ဆံရေးမပြေပြစ်မှုတွေ၊ ပြည်သူလူထုအား မချေမငံဆက်ဆံမှုတွေ မလုပ်ကြဖို့နဲ့ ပြည်သူကိုနားလည်အောင် ရှင်းပြဖို့နဲ့ အားနည်းမှုမဖြစ်စေရေးအတွက်ကို တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်သွားဖို့ ကျွန်တော်တို့ဝန်ကြီးရုံးက ဖေဖော်ဝါရီလမှာပင် ထပ်မံပြီးတော့မှ အမိန့် ညွှန်ကြားချက် ထုတ်ပြီးဖြစ်ပါတယ်။ အလားတူပါပဲ လုပ်ငန်းဆောင်ရွက်မှုအတွက် သတ်မှတ်အခငွေ သာ ပေးသွင်းဖို့နဲ့ ရုံးများတွင် ကြေညာထားပါတယ်။ ပြည်သူများအနေနဲ့ လုပ်ငန်းဆောင်ရွက်မှုနှင့်

ပတ်သက်ပြီးတော့မှ အဆင်မပြေမှု၊ အခက်အခဲရှိမှုများနှင့် ငွေကြေးလာဘ်လာဘတောင်းခံမှုများရှိရင်လည်းပဲ တိုင်ကြားနိုင်ဖို့ ဖုန်းနံပါတ်များကြေညာပြီးတော့မှ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ တိကျစွာတိုင်ကြားမှုများကို ဌာနအနေနဲ့ စစ်ဆေးပြီးတော့မှ မှန်ကန်လို့ရှိရင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အချက်နှင့်ပတ်သက်ပြီးတော့ တိုင်ကြားစာဆိုတာကျွန်တော့်ဆီတော့ ရောက်မလာသေးပါဘူး။ ကျွန်တော့်ကို ပေးနိုင်ပါတယ်။ ကျွန်တော်ထပ်မံပြီးတော့မှ စိစစ်ပြီးတော့မှ မှန်ကန်တယ်ဆိုရင် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူပါပဲ ဝန်ထမ်းများအနေနဲ့ ဆောင်ရွက်ချက်များဟာ အခုနက ငွေကြေးလာဘ်လာဘကို မျှော်ကိုးဆောင်ရွက်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ကို အတိအကျတိုင်ကြားနိုင်ပါတယ်။ ကျွန်တော်တို့ ဆက်လက်အရေးယူပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံသားမဟုတ်တဲ့သူများ၊ သွေးနှောများ နိုင်ငံသားအဖြစ်မဟုတ်မမှန်လျှောက်ထားခြင်းကို ကာကွယ်နိုင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပြီးတော့မှ ဒီသွေးနှောများအတွက် နှောင့်နှေးကြန့်ကြာအောင် ငွေကြေးအတွက် တောင်းခံနိုင်အောင် ဆောင်ရွက်ခြင်းမဟုတ်ပါဘူး။ အမှန်အတိုင်းတင်ပြရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ Case ၂၀၀၀၀ ကျော် လက်ရှိအနေအထားအရ စိစစ်ဆဲ Case ကျန်နေပါတယ်။ ဒီအတွက် ကျွန်တော်တို့ရုံးချုပ်အနေနဲ့ ဒါကိုသိရှိတဲ့အတွက် အထူးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ အထူးအဖွဲ့နှစ်ဖွဲ့ကို စေလွှတ်ပြီးတော့မှ အမြန်ဆုံးစိစစ်ပေးနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အချက်များကိုလည်းပဲ အလေးအနက်ထားပြီးတော့မှ ထပ်မံစိစစ်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ပြန်လည်ပြီးတော့မှ တင်ပြသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်ကာလမှာ တည်ဆဲဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားဆောင်ရွက်ပေးမှုနဲ့ပတ်သက်ပြီးတော့မှ တချို့တိုင်းနှင့်ပြည်နယ်ကြီးများတွင် လျှောက်ထားသူများ များပြားပြီးတော့မှ လုပ်ငန်းကြန့်ကြာမှုများ ဖြေရှင်းပေးနိုင်ဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိဘများ နိုင်ငံသားဖြစ်မှုကို ယခုအချိန်ကာလတွင် မှန်ကန်မှုရှိ/မရှိ ပြန်လည်စိစစ်ဆောင်ရွက်ခြင်းအားဖြင့် နောက်ပိုင်းကာလများမှာ လျှောက်ထားမှုများနှင့်ပတ်သက်ပြီးတော့မှ ကတ်ပြားများအား ထပ်မံပြီးတော့မှ စိစစ်ရန်မလိုဘဲ နိုင်ငံသားဖြစ်ကြောင်း ခိုင်မာစေမှာဖြစ်ပါတယ်။ နောက်ပိုင်းဆောင်ရွက်မှုများတွင်လည်းပဲ

မိဘများရဲ့နိုင်ငံသားစိစစ်ရေးကတ်ပြားများ တင်ပြသည်နှင့် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အချက်အလက်များကိုလည်းပဲ အသေးစိတ်ပြန်လည်စိစစ်ပြီးတော့မှ ဆောင်ရွက်ချက်များကို ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ အခုလို ပြည်ထောင်စုဝန်ကြီးက စိတ်ရှည်လက်ရှည်ဖြေကြားသွားတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မေးချင်တဲ့ကိစ္စက ဒီမှတ်ပုံတင်ကတ်ပြားတွေအားလုံးဟာ လဝကက ထုတ်ပေးတာပါ။ ကိုယ်ထုတ်ပေးခဲ့တဲ့ မှတ်ပုံတင်။ ပြီးမှဟုတ်/မဟုတ် ပြန်စစ်တယ်။ အဓိပ္ပာယ်ရှိပါရဲ့လား။ ကိုယ်ပေးတဲ့ မှတ်ပုံတင်ပြရတယ်။ နောက် ပုံစံ ၆၆/၆ ဆိုတာဟာ သန်းခေါင်စာရင်းပေါ့။ ရပ်ကွက်အခေါ် သန်းခေါ်စာရင်း။ မိသားစုစာရင်း။ ကိုယ်ပဲထုတ်ပေးခဲ့တယ်။ ဒါကိုအတုလာပြရင်တော့ တရားဥပဒေအရ တရားစွဲဖို့ပဲ ရှိတော့တယ်။ ဒီဥစ္စာအစစ်အမှန်တွေဖြစ်ပါတယ်။ အရှေ့ကလူတွေလည်းထုတ်ပေးခဲ့ပြီးမှ အငယ်ဆုံးကျတော့ အဲ့လိုထပ်လုပ်တယ်။ ဒါပုဂ္ဂိုလ်တစ်ယောက်ကို ဦးတည်ပြီးပြောတာမဟုတ်ဘူး။ ဒီလိုကိစ္စမျိုးတွေ ကျွန်တော့်ဆီမှာတိုင်စာ ၃၀ လောက်ရှိတယ်။ ကျွန်တော် ဝန်ကြီးကိုတွေ့ပြီးတော့ လာပြပါမယ်။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ အဲဒီလို ပြန်လည်စိစစ်ရတယ်ဆိုတဲ့ ကိစ္စက ဘာဖြစ်လဲဆိုတော့ အဂတိလိုက်စားမှုဖြစ်လာတယ်။ ကျွန်တော့်စာထဲမှာလည်း ရေးထားတယ်။ ငွေ တစ်သိန်းပေးတော့ ချက်ချင်းလက်မှတ်ထိုးပေးလိုက်တယ်။ အဲဒီတိုင်စာထဲမှာဆိုရင် အဲဒီ လဝက ဦးစီးအရာရှိရဲ့ အမည်၊ ဝန်ထမ်းမှတ်ပုံတင်အမှတ်ပါပါတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ဘူး။ အဲဒီတော့ ဒီနေ့မှတ်ပုံတင်လုပ်တာတွေက ဝန်ကြီးတို့ ဖေဖော်ဝါရီလတိုင်း ညွှန်ကြားတဲ့စာအုပ်လည်း တွေ့ဖူးပါတယ်။ ဒါပေမဲ့ နေ့ချင်း၊ ညချင်းလုပ်ပေးတယ်။ တစ်ပတ်တစ်ပတ်အတွင်း လုပ်ပေးတဲ့သူမရှိဘူး။ အနည်းဆုံး ၁၄ ခါ၊ ၁၅ ခါ သွားရတယ်။ ကျွန်တော်တို့ ဒီနေရာမှာ တစ်ချက်ပြောချင်တာက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လျှောက်တဲ့အချိန်မှာတောင် ကျွန်တော်တို့ကို နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားပြီးတော့ နိုင်ငံသားဖြစ်သူတို့ပဲ ပြောတယ်။ သွေးနှောတယ်၊ မနှောဘူး မစစ်ဘူး။ အဲဒီ ၁၉၈၂ ခုနှစ် ဥပဒေမှာ သွေးနှောပြန်စစ်ရမယ်ဆိုတာလည်း မပါဘူး။ ပထမဆုံးလုပ်ပေးတဲ့အချိန်မှာ တိုင်းရင်းသားတွေလုပ်ပြီးတော့ ပထမစိစစ်ပြီးတော့ ပေးခဲ့တယ်။ ပေးခဲ့ပြီးမှ နှစ်ရှည်လများကြာပြီးမှ နှစ်ပေါင်း ၃၀၊ ၄၀ ကြာမှ ဒါပြန်စစ်မယ်ဆိုတော့ အဓိပ္ပာယ်ရှိပါရဲ့လား။ နောက်တစ်ခုမေးချင်တဲ့ ကိစ္စကတော့ အဲဒီဥစ္စာတွေကို

ဒီလောက်ကြန့်ကြာနေတဲ့အခါမှာ ပြည်သူတွေက လဝကရုံးကို ကြောက်နေပါတယ်။ ရှံ့ကြောက်ကြီး ဖြစ်နေပါတယ်။ မသွားရင်လည်း မဖြစ်ဘူး။ သွားရင်လည်း ပိုက်ဆံပေးရတယ်။ ပေးရင်လည်း လွယ်လွယ်ကူကူနဲ့ မြန်မြန်မထွက်ဘူး။ အဲဒါကို ဝန်ကြီးဌာနအနေနဲ့ အဂတိလိုက်စားမှုကင်းအောင် ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမလဲဆိုလို့ နောက်ဆက်တွဲ မေးခွန်းမေးလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားတဲ့အချက်တွေကလည်းပဲ တချို့အချက် အလက်တွေ လုံးဝမှန်ကန်ပါတယ်။ ကျွန်တော်တို့ မူလတုန်းက နိုင်ငံသားမှတ်ပုံတင် ထုတ်ပေးပြီးတော့မှ ပြန်လည်စိစစ်ရတယ်ဆိုတဲ့ အနေအထားလေးလည်းပဲ ရှင်းလင်းတင်ပြပေးပြီးဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ အဆင့်ဆင့်သော အဖွဲ့အစည်းများရဲ့ လိုအပ်ချက်အရ ဆောင်ရွက်ခြင်းဖြစ် ပါတယ်။ မှန်ပါတယ်။ မူလတုန်းကဌာနက တာဝန်ခံပြီးထုတ်ပေးခဲ့တာပါ။ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲ နီးတဲ့အခါမှာ အလျင်အမြန်ဆောင်ရွက်ရတဲ့အတွက် ဖောင်းပွမှုတွေဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီအချိန်မှာ ပြန်လည်စိစစ်ရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခုနကပြောတဲ့ မိဘနှစ်ပါး နိုင်ငံသားဖြစ်ပြီး သူ့အစ်မတွေ၊ အကြီးတွေ စိစစ်ပြီးတော့မှ အငယ်စိစစ်တယ်ဆိုတာတော့ ဒါကတော့ မရိုးမသားဆောင်ရွက်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီကိစ္စကို ကျွန်တော်ပြန်ပြီးတော့မှ စိစစ် ပါမယ်။ ကျွန်တော်တို့ စိစစ်ခဲ့တဲ့ အခန်းရဲ့အချက်ကတော့ ဒီမိဘနှစ်ပါးဟာ အရင်တုန်းက နိုင်ငံသား မှတ်ပုံတင်ရရှိတဲ့ လူတွေဟာ မှန်ကန်မှုရှိ/မရှိပဲ စိစစ်ပြီးတော့မှ တစ်ခါစိစစ်ပြီးရင် ဒီလူဟာ သေချာပြီ ဆိုရင် သူ့သားသမီးတွေသည် နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားလာတာဖြစ်တဲ့အတွက် ပြန်လည်စိစစ်ဖို့ မလိုပါဘူး။ ဒီလို အဆင့်ဆင့်ဆောင်ရွက်ခြင်းသည် ကျွန်တော်တို့ ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိကိုလည်း ပြန်လည်စိစစ်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Case ၃၀ စလုံးကိုလည်း ကျွန်တော်တို့ကို ပေးစေ ချင်ပါတယ်။ ကျွန်တော်တို့ ဒါကို အလေးအနက်ထားပြီးတော့မှ ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ ဌာနမှာလည်းပဲ နှောင့်နှေးကြန့်ကြာတယ်ဆိုတာက နံပါတ်(၁)ကတော့ ဝန်ထမ်းအင်အား ကျွန်တော်တို့ အဆင့်ဆင့်သော ဝန်ထမ်းအင်အားကို တင်ပြပြီးတော့ ဖြည့်ဆည်းဖို့ ဆောင်ရွက်နေပါ တယ်။

လက်ရှိအင်အားအရ ကျွန်တော်တို့ ခွင့်ပြုအင်အားထက် ၅၀ ရာခိုင်နှုန်းနဲ့ ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ အလားတူပဲ ဝန်ထမ်းများအပိုင်းရဲ့ သူတို့ရဲ့ စိတ်ဓာတ်ရေးရာပြောင်းလဲဖို့၊ အဂတိ လိုက်စားမှု လျော့နည်းပပျောက်ဖို့ ဒါကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ အဓိက ဦးတည်ချက်ဖြစ်ပါတယ်။ ထိရောက်စွာ အချက်အလက်အပြည့်အစုံနဲ့ တိုင်ကြားလာမယ်ဆိုရင် ကျွန်တော်တို့ ထိထိရောက်ရောက် အရေးယူပေးဖို့ အသင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူများနဲ့ ချိတ်ဆက်ပြီးတော့မှ ဝန်ထမ်းတွေ၊ Mindset တွေပြောင်းလာဖို့၊ ပြည်သူကို အလေးထားဖို့၊ လုပ်ငန်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့၊ ပြီးတော့မှ အဂတိလိုက်စားမှုတွေကိုလည်း လျော့နည်းပ ပျောက်ဖို့၊ တိုင်ကြားတဲ့ကိစ္စတွေအားလုံးကို ဥပဒေနှင့်အညီ ထုတ်ပစ်တဲ့အထိ၊ ထောင်ကျတဲ့အထိ အရေးယူဆောင်ရွက်နေပါတယ်။ ဘယ်လောက်ထိ အရေးယူဆောင်ရွက်တယ်ဆိုတာလည်းပဲ လွှတ်တော် ကိုယ်စားလှယ်ကြီးများ သိချင်တယ်ဆိုရင် ကျွန်တော်တို့ တင်ပြလိုပါတယ်။

သို့သော် ဆက်လက်ပြီးတော့မှ ရှိနေမှာဖြစ်တဲ့အတွက် အချို့ကိစ္စတွေမှာလည်း ပညာပေးရ ပါတယ်။ အချို့ကိစ္စတွေမှာလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဌာန တာဝန်ရှိတဲ့သူများကတော့ ဌာနရဲ့ ဂုဏ်သိက္ခာရှိရေး၊ ပြည်သူများရဲ့ ယုံကြည်ကိုးစားမှုရှိရေးအတွက်ကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့ မရှင်းလင်းတဲ့အချက်တွေ၊ မကျေလည်တဲ့အချက်တွေလည်းပဲ ကျွန်တော်တို့နဲ့ ဆက်သွယ်ပြီးတော့မှ ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းကို မေးကြားပေးတဲ့ ကိုယ်စားလှယ်နဲ့ ပြည့်ပြည့်စုံစုံဖြေရှင်းပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးတို့အနေနဲ့က နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် အဲဒီရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့ ဘယ်သူညွှန်ကြားချက် ထုတ်သလဲဆိုတာကို အခုပြည့်ပြည့်စုံစုံရှင်းလင်းပေးလို့ သိရပါတယ်။ သို့သော်လည်း အဲဒီ ညွှန်ကြားချက်ကို တာဝန်ရှိတဲ့သူတွေက အကောင်အထည်ဖော်တဲ့အခါမှာ အဲဒီညွှန်ကြားချက်အတိုင်း ပီပီပြင်ပြင်ဖြစ်ဖို့တော့လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ခုနက ဝန်ကြီးရှင်းလင်းသွား သလို ဝန်ထမ်းတွေအတွက်တော့ ပြဿနာမဖြစ်ဘူးပေါ့။ ဒီပြဿနာက ပြည်သူတွေအတွက်ကြ ပြဿနာဖြစ်တာ။ နောက်တစ်ခုက ဒီညွှန်ကြားချက်က ဝန်ထမ်းတွေအတွက်ကြတော့ အခုနကလို အဂတိလုပ်ဖို့အတွက် အခွင့်အလမ်းတစ်ခုရှိတယ်။ ဒါဟာ ကျွန်တော်ဘာလို့ ပြောလဲဆိုတော့ ကျွန်တော်လည်း ဒီဟာကို ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ပြီးခဲ့တဲ့လွှတ်တော်နားတော့ ကြုံခဲ့ပါတယ်။ အခု

မေးတဲ့မေးခွန်းထက်တောင်ဆိုးသေးတယ်။ အဲဒီကျောင်းသားလေးက အဲဒီဦးစီးမှူးရှေ့တွင် ကျွန်တော့်ကိုမေးတယ်။ ဘာမေးလဲဆိုတော့ ခုနကလိုပဲ အဖေကလည်းနိုင်ငံသားစိစစ်ရေးကတ်ပြား ရပြီးပြီ။ အမေကလည်း နိုင်ငံသားစိစစ်ရေးကတ်ရပြီးပြီ။ သူ ၁၈ နှစ်ပြည့်လို့ မှတ်ပုံတင်သွား လျှောက်တဲ့ အခါကျတော့ မထုတ်ပေးဘူး။ မထုတ်ပေးတော့ ဘာအကြောင်းပြချက်တောင်းလဲလို့ မေးတော့။ အဲဒီကလေးက အဲဒီ ဦးစီးမှူးရှေ့တွင်ပြောတယ်။ ကျွန်လည်းငုတ်တုတ်ရှိနေတယ်။ အဖေနဲ့အမေနဲ့ တစ်ချိန်က ကိုင်တွယ်ခဲ့တဲ့ သုံးခေါက်ချိုးပန်းရောင်ကတ်ကို အထောက်အထားပြရ မယ်ဆိုပြီး တောင်းတယ်တဲ့။ ကျွန်တော်က ဘယ်လိုလုပ်ပြနိုင်မှာလဲတဲ့။ အဖေ၊ အမေမှာလည်း ဒီကတ်ကမရှိတော့ဘူး။ သိမ်းသွားပြီးတဲ့။ ကျွန်တော်လည်း အဲ့ဒါနဲ့ ဦးစီးမှူးကိုမေးတယ်။ ဦးစီးမှူး ဒီနိုင်ငံသားစိစစ်ရေးကတ်ပြားလဲပေးကတည်းက သုံးခေါက်ချိုး ပန်းရောင်ကတ်ကအကုန် ပြန်ပေး ရတာ။ ကျွန်တော်တို့လည်းပေးရတယ်။ အားလုံးပေးရတယ်။ ပေးပြီးမှ နိုင်ငံသားစိစစ်ရေးကတ်က ပြန်ထုတ်ပေးတယ်။ အဲဒီတော့ ကိုယ်သိမ်းသွားတဲ့ကိစ္စ ကိုယ့်လက်ထဲမရှိတဲ့ဟာကြီးကို ဒီမိသားစုက အဖေနဲ့ အမေကပြရမယ်။ ဒီကျောင်းသားဟာ ပြရမယ်ဆိုတော့ ဖြစ်နိုင်၏ မဖြစ်နိုင်၏ လေ့လာ ပေးပါဆိုတော့ ဘာပြောလဲလို့မေးရင် ဒါအခုတော့ ကျွန်တော်လည်း ပွင့်ပွင့်လင်းလင်းပြောတယ်။ ကျွန်တော့်ကို အထက်ကညွှန်ကြားလို့တဲ့။ ကျွန်တော်လည်း မထင်ခဲ့ဘူး။ အခု ပြည်ထောင်စု ဝန်ကြီးရှင်းတော့မှ ပြည်ထောင်စုဝန်ကြီးတို့ဘက်က ညွှန်ကြားတယ်ဆိုတာ ပေါ်လာတယ်။ ကျွန်တော်လည်း မမေးဖြစ်ဘူး။ ဆိုတဲ့အခါကျတော့ ဒီဟာက ဘာပြလဲဆိုတော့ ခုနက တကယ့်ကို တိုင်းပြည်အတွက်စေတနာနဲ့ ဝန်ကြီးဌာနကတော့ မှန်မှန်ကန်ကန်ဖြစ်အောင်လို့ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတွေအကျိုးဖြစ်အောင်လို ့ညွှန်ကြားလိုက်တယ်။ အောက်ခြေမှာကျတော့ Mindset တွေမချိန်းချင်တဲ့၊ မပြောင်းချင်တဲ့ ဝန်ထမ်းအချို့က အဲ့ဒါကို အခွင့်အရေးတစ်ရပ်လို ့ယူပြီးတော့ အသုံးချတော့ ပြည်သူလူထုက ဒုက္ခရောက်တယ်။ ပြဿနာဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒါလေးကိုတော့ သေသေချာချာပြန်လည်စိစစ်ပေးပါ။ ဒါက တိုင်းနှင့်ပြည်နယ်တိုင်း၊ မြို့နယ်တိုင်းမှာ ကြုံတွေ့ နေရတဲ့ဟာ။ အဲ့ဒါနဲ့ ကျွန်တော် အဲဒီဦးစီးမှူးကိုလည်း ကျွန်တော် ပေါ်တင်ပဲ ပြောခဲ့တယ်။ ကျွန်တော် ဝန်ကြီးကိုတွေ့ရင် မေးမယ်။ ဒီညွှန်ကြားချက် ဟုတ်လား/မဟုတ်ဘူးလား။ ပြန်သိမ်းသွားတဲ့ဟာကြီး ပြန်ပြီး ကာယကံရှင်ပြရမယ်ဆိုတော့ ဘယ်လိုလုပ်ပြနိုင်မှာလဲ။ သိမ်းသွားတာ သူပဲသိမ်းသွားတာ။ အဲဒါမပြနိုင်လို့ မပေးဘူးဆိုတော့ ဒါတစ်ခု။ နောက်တစ်ခုက ခုနက ဥပဒေပြဿနာ။ ထုတ်ပေးတုန်းက နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခဲ့တယ်။ နိုင်ငံသားဖြစ်သွားတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား

ညွှဲ့ဥပဒေမှာကျတော့ အတိအလင်းရေးထားတယ်။ နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသူသည် အလို Automatic နိုင်ငံသား။ အခု Automatic မဖြစ်ဘဲနဲ့ နောက်ကြောင်းပြန်ပြီးတော့ အာဏာသက် ရောက်ပြီးတော့ ပြန်စိစစ်တယ်ဆိုတဲ့အခါကျတော့ ဒါက ဖြစ်သင့်၏/မဖြစ်သင့်၏ဆိုတာလည်း ဥပဒေပိုင်းဆိုင်ရာ ပြဿနာဖြစ်တဲ့အခါကျတော့ ဒါ Law Issue ပါ။ ဒါကြောင့်မို့ ဒါလေးကိုလည်း ပြန်ပြီးတော့ ဝန်ကြီးတို့ဌာနဘက်က ပြန်လည်သုံးသပ်ပေးပါ။ လက်တွေ့မှာတော့ ပြည်သူလူထုသည် မှတ်ပုံတင်မရတဲ့ ပြဿနာသည် ဒီပြဿနာရှိပါတယ်။ အဲဒါကြောင့်မို့ ဝန်ကြီးဌာနအနေနဲ့က ဒါလေးကိုလည်း ကျွန်တော်တို့ကို ပြန်လည်သုံးသပ်ပြီးတော့ မှန်မှန်ကန်ကန်ပြည်သူလူထုရရှိအောင် အခုနက ကလေးကို ကျွန်တော် အဲ့လိုဖြစ်မှာစိုးလို့ သေချာကြည့်တယ်။ သွေးနှောတဲ့ရုပ်တစ်စက်မှ မပါဘူး။ ကျောင်းသားသက်သက်ပဲ။ သွေးနှောတဲ့ရုပ်ပါရင်တော့ ဒါဦးစီးဌာနက ပြောလိုက်တာရယ် ကျွန်တော် နည်းနည်းစဉ်းစားလို့ရတယ်။ မပါဘူး။ မပါဘဲနဲ့ ဘာတောင်းလဲဆိုတော့ သုံးခေါက်ချိုး ကတ်ပြန်တောင်းတယ်။ ဘယ်လိုလုပ်ရနိုင်မှာလဲ။ ကိုယ်သိမ်းသွားတဲ့ဟာကြီး ပြန်တောင်းတော့ ဘယ်သူကပြနိုင်မှာလဲ။ အဲဒါမျိုးတွေ လည်းအောက်ခြေမှာက ဒီညွှန်ကြားချက်အပေါ်မှာ အခွင့်အရေး တစ်ရပ်အနေနဲ့ သုံးပြီးတော့ လုပ်နေတာတွေရှိပါတယ်လို့ ဒါဝန်ကြီးဌာနကို သတိပေးအပ်ပါ တယ်။(ဩဘာသံများ)

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးမည့်သစ္စာစီမံချက်ကာလအတွင်း ကျန်ရှိနေသေးသော အိမ်ထောင်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး အမြန်ဆုံးထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ပြောင်းရွှေ့နေထိုင်သူ များနှင့် အလုပ်သမားအိမ်ထောင်စုများအတွက် လူဦးရေ သန်းခေါင် စာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးမည့် သစ္စာစီမံချက် ကာလအတွင်း

ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တင်ပြထားသော ပထမအကြိမ် အိမ်ထောင်စု ၃၄၅၅ စု၊ ဒုတိယအကြိမ် တင်ပြထားမှု ၇၀၉၄ စု စုစုပေါင်း ၁၀၅၄၉ စုနှင့် ထပ်မံပေးပို့ရန် ထပ်မံစာရင်း ကောက်ယူရန် ကျန်ရှိနေသေးသော အိမ်ထောင်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင် တစ်မျိုးမျိုး အမြန်ဆုံး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိမေးလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းနေထိုင်ကြတဲ့ ပြည်သူလူထုအချို့ဟာ မိသားစု စားဝတ်နေရေးအတွက်ကြောင့်လည်းကောင်း၊ သဘာဝဘေးဒုက္ခအန္တရာယ်ကြောင့်လည်းကောင်း၊ ပညာသင်ကြားရန်အတွက်လည်းကောင်း မူလနေထိုင်ရာအရပ်ဒေသများမှ ဆွေမျိုးသားချင်းများရှိရာအရပ်ဒေသ၊ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ စီးပွားဖွံ့ဖြိုးတိုးတက်တဲ့ သယံဇာတအရင်းအမြစ်ရှိတဲ့ မြို့ဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ဆွေမျိုးသားချင်းများ၏ အိမ်တွင်လည်းကောင်း၊ အိမ်ငှား၍သော်လည်းကောင်း နေထိုင်ကြရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တွင် ၎င်းမိသားစုများစွာ နေထိုင်လျက်ရှိပါတယ်။ ၎င်းမိသားစုများအနေဖြင့် အိမ်ထောင်စုလူဦးရေသန်းခေါင်စာရင်းမရှိဘဲ၊ ကိုင်ဆောင်သင့်သည့်နိုင်ငံသားအသိအမှတ်ပြုကတ်ပြားမရှိဘဲ နေထိုင်နေကြရပါသည်။ သို့အတွက် ၎င်းမိသားစုများသည် အများစုမှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်း၊ အရွယ်ရောက်သည့်သားသမီးများသည်လည်း နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားခွင့်မရခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသဖြင့် အရည်အချင်းနှင့်ကိုက်ညီသော အလုပ်အကိုင်နေရာလျှောက်ထားခွင့်မရခြင်း၊ ကြုံရာကျပမ်းအလုပ် များတွင်ဝင်ရောက်လုပ်ကိုင်နေရခြင်း၊ နိုင်ငံသားကတ်ပြားမရှိခြင်းဆိုသည့်အချက်သည် ထိုသူတို့နှင့်သားသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများအား ကန့်သတ်သကဲ့သို့ဖြစ်နေခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် ဆန္ဒမဲပေးနိုင်ရန် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးလိုအပ်ခြင်း၊ လူမှုစီးပွားဘဝနိမ့်ကျပြီး ဥပဒေလုပ်ထုံးလုပ်နည်းများအပေါ် လိုက်နာရန် မသိနားမလည်ခြင်း၊ သီးခြားလူတန်းစားအသွင်တစ်ရပ်ဆောင်နေခြင်း၊ နိုင်ငံသားအခွင့်အရေး(Right of the Citizen) များအား အပြည့်အဝရရှိရန်လိုအပ်နေပါသည်။ ကျွန်တော်တို့နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများအား ရက်ပေါင်း ၁၀၀ အတွင်းဦးစားပေးဖြေရှင်းနိုင်ရေး သစ္စာစီမံချက်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဤစီမံချက်အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေဟာ ရပ်မိရပ်ဖတွေနဲ့ပူးပေါင်းပြီးတော့ စာရင်းတွေတင်ခဲ့ပါတယ်။ ပထမအကြိမ် ၃၄၅၅၊ ဒုတိယအကြိမ် ၇၀၉၄ စုစုပေါင်း ၁၀၅၄၉ ရှိပါတယ်။ စာရင်းကောက်ယူရန်လည်း အများ

ကြီးကျန်ပါသေးတယ်။ သို့သော်လည်း ယခုအခါ ပြည်သူလူထု၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးနဲ့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့တဲ့စီမံချက်ကာလ ရက်ပေါင်း ၁၀၀ အတွင်း ၁၁၅၄၉ မှာ အိမ်ထောင်စု ၈၀ ကိုပဲ ထုတ်ပေးနိုင်ခြင်းရှိပါတယ်။ ၁၀၄၆၉ ခုအား စာတိုက်မှဆက်သွယ်ထားပါတယ်ဆိုတဲ့ အကြောင်းပြချက်ကလွဲရင် ဘာမှတိကျတဲ့အကြောင်းပြချက်မပေးပါဘူး။ ထို့အတူပဲ စာရင်းကောက်ယူရာမှာလည်း အထက်ကအမိန့်မရဘူးဆိုတာ ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း) စိုက်/မွေး ရပ်ကွက်မှာရှိတဲ့ မြေနီလမ်းအိမ်ထောင်စု ၄၀၀ ကိုလည်း မကောက်ပါဘူး။ လူဦးရေ ၅၀၀ ခန့်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ မှာလည်း မဲပေးခွင့်မရခဲ့ပါဘူး။ ထို့ကြောင့် အိမ်ထောင်စုစာရင်း မရရှိသေးသူများ၊ မှတ်ပုံတင်ကတ်ပြားတစ်မျိုးကိုင်ဆောင်ခြင်းမရှိသော ဒဂုံမြို့သစ် (တောင်ပိုင်း)မှ ပြည်သူများ အနေဖြင့် အထူးစိတ်ဓာတ်ကျလျက်ရှိပြီးတော့ ကူညီဆောင်ရွက်ပေးတဲ့ ရပ်မိရပ်ဖတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး တွေကလည်း မျက်နှာပူနေကြပါတယ်။ သို့ပါ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သင့်လျော်မည့်အစီအမံများဖြင့် လူဦးရေ သန်းခေါင်စာရင်းနှင့် နိုင်ငံသား ကတ်ပြားတစ်မျိုးမျိုး အမြန်ဆုံးထုတ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တင်ပြမေးမြန်းအပ်ပါသည် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ၊ ကျွန်တော်ဆက်လက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြို့နယ်အသီးသီးမှာ ပြောင်းရွှေ့နေထိုင်သူအလုပ်သမားအိမ်ထောင်စုဝင်များနှင့် ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ရက် ၁၀၀ စီမံချက်ကာလအတွင်းမှာ သစ္စာစီမံချက်ဆိုပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါလည်းပဲ တစ်နိုင်ငံလုံးမှာ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ပေးခြင်းရဲ့ ရည်ရွယ်ချက်ကလည်းပဲ တချို့ပြည်သူလူထုဟာ မူလနေထိုင်ရာအရပ်ဒေသကနေမှ အကြောင်းအမျိုးမျိုးကြောင့်၊ အခက်အခဲများကြောင့် ပတ်သက်ဆက်နွယ်တဲ့၊ ဆွေမျိုးသားချင်းများရှိတဲ့အရပ်ဒေသ၊ အလုပ်

အကိုင်အခွင့်အလမ်းပေါ်များတဲ့ မြို့ကြီး/ရွာကြီးများကို ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းသွားကြပါ တယ်။ အဲဒီမိသားစုများရဲ့ အိမ်ထောင်စုစာရင်းတွေ၊ မှတ်ပုံတင်ရရှိအောင် ကျွန်တော်တို့ ဦးစားပေး လုပ်ငန်းတွေနဲ့ စီစဉ်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှာ ရွှေ့ပြောင်းနေထိုင်သူအလုပ်သမားများ၊ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင် သင့်တဲ့ မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးမယ့် စီမံချက်ကာလအတွင်းမှာ ရပ်ကွက်(၃၂)ရပ်ကွက်မှာရှိတဲ့ အုပ်ချုပ်ရေးမှူးများက ပထမအကြိမ်တင်ပြတဲ့ အိမ်ထောင်စုစာရင်းရလိုမှုစုစုပေါင်း ၃၄၅၅ စုရှိပါ တယ်။ အဲဒါနှင့်ပတ်သက်ပြီးတော့မှ သာမန်ရွှေ့ပြောင်းအခြေခံလုပ်ငန်းစဉ်များနှင့်အညီ ၎င်းတို့မူလ နေထိုင်ရာဒေသမှာရှိတဲ့၊ မြန်မာပြည်တစ်ဝှမ်းမှာရှိတဲ့ နေရပ်အသီးသီးမှာရှိတဲ့ မြို့နယ် ဦးစီးမှူးရုံးကို မေးမြန်းရပါတယ်။ စိစစ်ပေးရပါတယ်။ အကြောင်းကြားစာများကိုလည်း ကျွန်တော်တို့ ပေးပို့ပြီးတော့ မှ ဆောင်ရွက်နေပါတယ်။ Fax ဖုန်းများဖြင့်လည်း ကျွန်တော်တို့ ဆက်သွယ်ပြီးတော့မှ စုံစမ်း ဆောင်ရွက်ရပါတယ်။ အဲလိုသက်ဆိုင်ရာမြို့နယ်တွေက အဲဒီမှာနေထိုင်ခဲ့ပါတယ်။ အဲဒီမှာ အိမ်ထောင်စုစာရင်းတွေရှိခဲ့ပါတယ်။ အဲဒီမှာအိမ်ထောင်စုစာရင်းတွေမရှိခဲ့ပါဘူးဆိုတဲ့ ပြန်ကြားချက် တွေရမှ၊ ကျွန်တော်တို့ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဟိုမှာတစ်ခါအိမ်ထောင်စုဝင်စာရင်းရှိတယ်ဆိုရင် အဲဒီစာရင်းကို နုတ်ရပါတယ်။ မနုတ်လို့အသစ်ထပ် ပေးမိတယ်ဆိုရင် ကျွန်တော်တို့ လူဦးရေတွေ၊ အိမ်ထောင်စုစာရင်းဝင်တွေ ဖောင်းပွနိုင်တဲ့အတွက် ကျွန်တော်တို့အမှန်တကယ်လိုအပ်တဲ့ စိစစ်မှုတွေပဲ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲလိုဆောင်ရွက် နေရခြင်းကလည်းပဲ အခုအချိန်ထိ ပြန်ကြားစာ ၅၀၅ စောင်ရရှိပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် လျှောက်လွှာရှင်များကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ လာရောက်ပြီးတော့မှ လျှောက်ထားသူအိမ်ထောင်စု ၁၃၀ စုကို အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခဲ့ပါတယ်။ ကျန် ၄၂၀ စုမှာ အကြောင်းကြားစာပို့ထားပြီးသော်လည်းပဲ လာရောက်ပြီးတော့လျှောက်ထားခြင်းမရှိတဲ့သူတွေ ကျန်နေတာဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်များမှ စိစစ်ပြန်ကြားစာ ထပ်မံရောက်ရှိလာမယ်ဆိုရင် သက်ဆိုင်ရာလျှောက်လွှာရှင်များထံ အကြောင်းကြားပြီးတော့မှ အိမ်ထောင်စုစာရင်းများ ထုတ်ပေး သွားမှာဖြစ်ပါတယ်။ မြို့နယ်များကိုလည်းပဲ ကျွန်တော်တို့ ရုံးချုပ်အနေနဲ့ ဒီကိစ္စတွေကို အမြန်ဆုံး ပြန်ကြားပေးဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဘယ်လိုပြန်ကြားနေတယ်ဆိုတာလဲ ကျွန်တော်တို့ စိစစ်ပြီးတော့မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီမြို့နယ်တွေမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး မှာဖြစ်တဲ့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့စာရင်းများကို စိစစ်ရတဲ့အတွက် အနည်းငယ်ကြန့်ကြာနေ

ခြင်းဖြစ်ပါတယ်။ ဒါလည်းပဲ နားလည်ပေးပါလို့ ကျွန်တော်တို့ တင်ပြလိုပါတယ်။ လိုအပ်တာထက်ပိုပြီးတော့မှ မကြန့်ကြာအောင်လည်းပဲ ကျွန်တော်တို့ စဉ်ဆက်မပြတ်တွန်းအားပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီမှာထုတ်ပေးပြီးတဲ့ အိမ်ထောင်စု ၁၃၀ အနက်ကနေမှ နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်လျှောက်ထားသူ ၁၀ ဦးကိုလည်းပဲ ကျွန်တော်တို့ စိစစ်ဆောင်ရွက်ထုတ်ပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်ထောင်စုစာရင်းရမယ်ဆိုရင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ထပ်မံလျှောက်ထားရပါတယ်။ အဲဒါလည်း ကျွန်တော်တို့ စိစစ်ထုတ်ပေးလျက်ရှိပါတယ်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ဒုတိယအကြိမ်တင်ပြလာတဲ့ အိမ်ထောင်စု ၇၀၉၄ စုနှင့်ပတ်သက်ပြီးတော့မှ မူလလိပ်စာပြည့်စုံမှုမရှိတဲ့ အိမ်ထောင်စု ၁၀၄၀ စုအား လိပ်စာပြည့်စုံစွာဖော်ပြနိုင်ရေးအတွက်လည်းကောင်း၊ မိမိမြို့နယ်အတွင်း အခြားရပ်ကွက်များတွင် အိမ်ထောင်စုစာရင်းရှိပြီးတော့မှ အိမ်ထောင်စုဦးစီးကိုယ်တိုင် သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦးမှ မြို့နယ်ရုံးသို့လာရောက်လျှောက်ထားပြီးတော့မှ မြို့နယ်အတွင်းပြောင်းရွှေ့လိုတဲ့ အိမ်ထောင်စု ၁၄၅၀ စုနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ အမှုတွဲပြန်လည်ပေးပို့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ အိမ်ထောင်စု ၄၆၀၄ စုကိုလည်းပဲ စိစစ်ပြန်ကြားပေးဖို့ မူလနေထိုင်ရာဒေသအသီးသီးမှာရှိတဲ့ မြို့နယ်ဦးစီးမှူးရုံးများသို့ အကြောင်းကြားစာများကို စာတိုက်ကတစ်ဆင့် Fax ဖုန်းများကတစ်ဆင့် ပေးပို့ခဲ့ပါတယ်။ သက်ဆိုင်ရာမြို့နယ်များက စိစစ်အတည်ပြုချက် ပြန်ကြားချက်ရရှိမယ်ဆိုရင် ကျွန်တော်တို့ဆက်လက်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ထုတ်ပေးမည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ လမ်းတစ်လမ်းကို မကောက်ခဲ့ဘူးဆိုရင်တောင် ပြန်စိစစ်ပါတယ်။ စိစစ်ပြီးတော့မှ အဲဒီလမ်းမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများပြန်လည်ပြီးတော့မှ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့ အိမ်ထောင်စု စာရင်းရရှိဖို့၊ မှတ်ပုံတင်စာရင်းရရှိဖို့ ကျွန်တော်ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုတာကတော့ ရွှေ့ပြောင်းနေထိုင်သူများ မူလနေထိုင်တဲ့ဒေသသို့သွားရောက်ရန်မလိုဘဲနဲ့ လက်ရှိနေထိုင်ရာအရပ်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ဆောင်ရွက်တဲ့နေရာမှာ ရက် ၁၀၀ စီမံချက်နဲ့ဆောင်ရွက်တယ်ဆိုသော်လည်းပဲ ဒီကိစ္စဟာ ကျွန်တော်တို့ စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးသွားမယ့်လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အဓိက

ရည်ရွယ်ချက်ကတော့ လူဦးရေအရေအတွက်ဖောင်းပွတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ဖောင်းပွမှုမဖြစ်ပေါ်စေရေးနဲ့ မှန်ကန်မှုရှိစေရေးအတွက် အခြေခံလုပ်ငန်းစဉ်(စံနှုန်း)များ သတ်မှတ်ပြီးတော့မှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အရင်တုန်းကဆိုရင်တော့ အိမ်ထောင်စုမရှိတဲ့ပုဂ္ဂိုလ်များက သက်ဆိုင်ရာမြို့နယ်များကို ကိုယ်တိုင်သွားရောက်လျှောက်ထားကြရတာဖြစ်ပါတယ်။ မှတ်ပုံတင်လက်မှတ်လည်း အလားတူပဲလျှောက်ထားရတာဖြစ်တဲ့အတွက် အဲဒီလိုလျှောက်ထားခြင်းမှ သက်သာစေဖို့အတွက်ကို ကျွန်တော်တို့က သူတို့လျှောက်ထားတဲ့အချက်အလက်တွေကိုလည်း သက်ဆိုင်ရာမြို့နယ်က စိစစ်ပြီးတော့မှ အဲဒီက ပြန်ကြားလာရင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီကိစ္စကလည်းပဲ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများကိုလည်း ထပ်မံပြီးတော့မှ ကျွန်တော် စိစစ်မေးမြန်းပြီးတော့မှ၊ ဆက်လက်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးလိုပါတယ်။ အခုလိုဖြေကြားပေးတဲ့ဝန်ကြီးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုပါတယ်။ တကယ့်တကယ်ကျတော့ ကျွန်တော်နေထိုင်တဲ့ရပ်ကွက်မှာကိုပဲ အိမ်ထောင်စု ၄၀၀ ခုထက်ထိတစ်ဦးမှ မရသေးပါဘူး။ နောက်တစ်ခုက ကွင်းဆင်းဆောင်ရွက်မှုကလည်း ကျွန်တော်မတွေ့သလောက်ပါပဲ။ ကျွန်တော်ပြန်တိုင်းပြန်တိုင်း၊ စနေ၊ တနင်္ဂနွေနေ့တိုင်းပြန်ပါတယ်။ မြို့နယ်ကိုဆင်းပါတယ်။ အဲဒီတော့ စိုက်/မွေးရပ်ကွက်က မြေနီလမ်းဆိုတာလည်း ကျွန်တော့်ကို အဲဒီပြည်သူလူထုတွေက ခဏခဏတိုင်ပါတယ်။ အဲဒီက မြို့နယ်(လဝက)မှူးကို အကြောင်းကြားပါတယ်။ အထက်က အမိန့်မကျဘူးဆိုပြီးတော့ သူကမကောက်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့မြို့နယ်မှာ တကယ်နစ်နာနေတဲ့ပြည်သူလူထုအတွက် ကျွန်တော်တို့တစ်မြို့နယ်လုံးကို ကွင်းဆင်းပြီးတော့၊ စာရင်းကောက်ပြီးတော့ အမြန်ဆုံးဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ လိုအပ်ရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွန်တော်တို့ အဖွဲ့ဝင်များ၊ ကျွန်တော်တို့ရုံးအဖွဲ့တွေ အားလုံးကလည်း အကူအညီပေးပါမယ်။ နောက်တစ်ခုက ဒီလိုကြန့်ကြာခဲ့မှုကိုလည်း ဗဟိုအနေနဲ့ တာဝန်ရှိသူတွေကို ပြန်လည်စိစစ်ပေးပါလို့ ထပ်မံတစ်ဆက်တစ်စပ်တည်း မေးမြန်းတင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့် မေးတဲ့မေးခွန်းများကို စိစစ်ပြီးတော့မှ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**သောက်သုံးရေးပြတ်လပ်သည့် ဘေးဒုက္ခများကို ကြိုတင်ကာကွယ်မှုအနေဖြင့် မိုးရေများအား အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ရေတွင်း၊ ရေကန်၊ ရေလှောင်တမံများ ပြင်ဆင်ခြင်း၊ အသစ်တူးဖော်ပေးခြင်း အစီအမံများရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ပြည်သူတွေခံစား နေရတဲ့ဒုက္ခတွေအပေါ်မှာ နိုင်ငံတော်က နိုင်တဲ့ဝန်၊ နိုင်တဲ့အားနဲ့ နှစ်တစ်နှစ်အတွင်း စီမံဆောင်ရွက် ထားတဲ့အခြေအနေကို ပြည်သူတွေကို သိစေချင်တာရယ်၊ ပြီးတော့ ဆောင်ရွက်ပေးမယ့် လုပ်ငန်းအစီ အစဉ်တွေမှာ ထပ်ပြီးလိုအပ်ချက်တွေရှိနေမယ်ဆိုရင်လည်း ပြည်သူများအနေနဲ့ လွှတ်တော်ကိုယ်စား လှယ်တွေကနေတစ်ဆင့် တင်ပြနိုင်ကြဖို့ရယ်၊ ပြီးတော့လည်းပဲ ပြည်နယ်/တိုင်းဒေသကြီးအနေနဲ့ပဲ အကျဉ်းချုပ်မေးရတာကတော့ ဖြေကြားမယ့်ဝန်ကြီးဌာနတွေအနေနဲ့ အသေးစိတ်ဖြေကြားဖို့ အခက် အခဲမဖြစ်စေလိုတဲ့ရည်ရွယ်ချက်နဲ့ မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ နောင်လာမယ့်ရာသီကာလမှာ လွန်ခဲ့တဲ့ နွေရာသီကာလက မြန်မာပြည်အနှံ့ အများပြည်သူတွေ ခံစားခဲ့ ရတဲ့ သောက်သုံးရေပြတ်လပ်မှု ဘေးဒုက္ခတွေကို ကြိုတင်ကာကွယ်မှုအနေနဲ့ မိုးရာသီကာလအတွင်း သဘာဝမှရရှိမယ့် မိုးရေတွေကို အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ရေတွင်း၊ ရေကန်၊ ရေလှောင်တမံ များ ပြင်ဆင်ခြင်း၊ အသစ်တူးဖော်ခြင်း အစီအမံများရှိ/မရှိနဲ့ ရှိမယ်ဆိုရင် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းအလိုက် ဆောင်ရွက်ပေးမယ့် မြို့နယ်ဦးရေ၊ ကျေးရွာအရေအတွက်၊ ပြန်လည်ပြင်ဆင် တူးဖော်ပေးမယ့်ကန်အရေအတွက်၊ အသစ်တူးဖော်ဆောက်လုပ်ပေးမယ့် မြေသားရေလှောင်ကန်၊

အမိုးအကာအုတ်ရေကန်အရေအတွက်နဲ့ အခြားလက်တွင်းတူး စက်ရေတွင်းအရေအတွက်၊ ပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်းအလိုက် သုံးစွဲရန်လျာထားခွင့်ပြုပေးပြီး ရန်ပုံငွေတွေကို ရှင်းလင်း ဖြေကြားပေးဖို့ အမျိုးသားပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်ချို့အနေနဲ့ ယခုလို ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ စိတ်ပါဝင်စားစွာ မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ အခြားကမ္ဘာ့နိုင်ငံများထက် ရေချိုသယံဇာတများစွာပေါ်များသော် လည်းပဲ လွန်ခဲ့တဲ့ဆယ်စုနှစ်ကာလအတွင်းကနေ ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးခေါင်ပြီး ပူပြင်းခြောက်သွေ့လာခြင်း၊ ရေကြီးခြင်းဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး လက်ရှိနှင့် အနာဂတ်ကာလတွေမှာလည်း တွေ့ကြုံခံစားရနိုင်တဲ့အခြေအနေတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့သက်ရောက်မှုကြောင့် မုတ်သုန်အဝင်နောက်ကျ၍ အထွက်စောပြီး မုတ်သုန် ကာလတိုတောင်းခြင်း၊ ရေချိုအရင်းအမြစ်များမှာ မိုးရွာသွန်းမှုနည်းပါးလာခြင်းကြောင့် မြေပေါ်ရေ ပမာဏလျော့ကျလာခြင်း၊ မြေအောက်ရေခန်းခြောက်လာခြင်း စသဖြင့် ရေသိုလှောင်ထိန်းသိမ်းမှု (Water Security) လျော့ပါးလာနေပြီလည်းဖြစ်ပါတယ်။ ယခုနှစ် နွေရာသီမှာ မြန်မာနိုင်ငံမှာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုအပြင်းထန်ဆုံးဖြစ်ပေါ်ခဲ့ပြီး ပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ မြေပေါ်မြေအောက်ရေများခန်းခြောက်ပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများဖြစ်ပေါ်ခြင်း စသည်ဖြင့် တွေ့ကြုံရလေ့ရှိပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အနာဂတ်ရေရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်ရေး ကြိုတင်

မျှော်မှန်းပြီး နိုင်ငံအနှံ့အပြားမှာ ရရှိနိုင်မည့်ရေအရင်းအမြစ်များကို ဖော်ထုတ်အသုံးချကာ ရေလှောင်တမံများတည်ဆောက်ခြင်း၊ ဆည်ငယ်၊ ကန်ငယ်များပြုပြင်တူးဖော်ခြင်း၊ မြေအောက်ရေရရှိရေးနှင့် မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးသဖြင့် မိုးနည်းရေရှားပြီး ပူးပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ပိုမိုဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

နောင်နှစ်နွေရာသီမှာ ဤကဲ့သို့ ရေပြတ်လပ်မှုအခက်အခဲများမှ လျော့ပါးသက်သာစေရေးအတွက် မိုးတွင်းကာလမှာ ရွာသွန်းတဲ့မိုးရေများကို ကောင်းစွာသိုလှောင်ထိန်းသိမ်းထားနိုင်ရန် တည်ဆောက်ထိန်းသိမ်းထားရှိသည့် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ မြစ်ရေတင်နှင့် စက်ရေတွင်းများမှ စိုက်ပျိုးရေပေးဝေခြင်းအပြင် ဒေသနေပြည်သူများ သောက်သုံးရေရရှိနိုင်ရေးအတွက်လည်းကောင်း၊ ရရှိနိုင်မည့် ရေအရင်းအမြစ်အခြေအနေနှင့် ဒေသလိုအပ်ချက်ပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး/ပြည်နယ်များမှာ မူလခွင့်ပြုရန်ပုံငွေဖြင့် ဒေသမှထိန်းသိမ်းထားတဲ့ ဆည်ငယ်/ကန်ငယ်များကို တူးဖော်ပြုပြင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ စုစုပေါင်း ကျပ် ၇၃၇၀.၁၆၉ သန်းဖြင့် မြို့နယ် ၃၄ ခုမှာရှိတဲ့ ဆည်ငယ်၊ ကန်ငယ် ၉၂ ခုနှင့် ကျေးရွာ ၈၂ ရွာကို ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် မိမိရဲ့ ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ ယခုလက်ရှိ မြန်မာပြည်အနှံ့ သောက်သုံးရေပြတ်လပ်သည့် ဘေးဒုက္ခများအား ကြိုတင်ကာကွယ်သည့်အနေဖြင့် အစိုးရသစ်ရဲ့ ရက်(၁၀၀)စီမံချက်ကာလအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးရွာပေါင်း ၈၄၆ ရွာမှာ တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း၊ မြေသားမိုးရေလှောင်ကန် ၂၆၂ ကန် စုစုပေါင်း ရေရှိရေးလုပ်ငန်း ၈၆၄ ခုတို့ကို ခွင့်ပြုငွေကျပ် သန်းပေါင်း ၄၈၇၆.၂၅ သန်းဖြင့် မိုးမကျမီ အပြီးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၂၄၇၂၇.၂၄ သန်းနဲ့ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် မြို့နယ်ပေါင်း ၂၉၈၊ ကျေးရွာပေါင်း ၂၀၅၅ ရွာတွေမှာ တွင်းတိမ် ၂၁၆ တွင်း၊ တွင်းနက် ၇၀၅ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း၊ မြေသားရေကန် ၃၂၄ ကန်၊ စိမ့်စမ်းရေသွယ်ခြင်း ၃၅၀ ခုနဲ့

အခြားရေရရှိရေးလုပ်ငန်း ၁၁၆ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၂၀၉၇ ခုကို လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Power Point မှာ ဇယား(က)ဖြင့် ဖော်ပြထားပါတယ်။ ဒါကတော့ တိုင်းဒေသကြီးအလိုက် ဆောင်ရွက်သွားမယ့် တွင်းတိမ်၊ တွင်းနက်နဲ့ ကန်များရဲ့ သဘာဝဖြစ်ပါတယ်။ နောက်ဆက်တွဲ(က)များဖြင့် ဖော်ပြထားတာဖြစ်ပါတယ်။ ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များမှာ လိုအပ်ချက်အရ တင်ပြလာတဲ့ကျေးရွာပေါင်း ၅၄၂ ရွာမှာ ရေရှိရေးအတွက် ရေရရှိရေးလုပ်ငန်း စုစုပေါင်း ၆၄၉ ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံ(ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေကျပ်သန်းပေါင်း ၁၄၉၂.၈၅၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နောက်ဆက်တွဲ(ခ)မှာ ဖော်ပြချက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလာတဲ့မေးခွန်းနဲ့ပတ်သက်တဲ့အထဲမှာ ပါဝင်တဲ့ မြို့နယ်အလိုက် အသေးစိတ်စာရင်းကတော့ သိလိုတယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများမှာ အသေးစိတ် သိရှိနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှာ မေးမြန်းတောင်းယူဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးဖို့ရာ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်းကျေးရွာရှိ ငပိထုပ်တာတမံကို ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်းကျေးရွာရှိ ငပိထုပ်တာတမံကို ဆည်ဖို့ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ဆည်ဖို့ပေးပါမလဲ၊ မရှိပါက မည်သည့်အတွက်ကြောင့်လဲဆိုတာကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ ငပိထုပ်တာတမံရဲ့ ပျက်စီးနေတဲ့ပုံဖြစ်ပါ တယ်။ ဒါလည်းပဲ

ငပိထုပ်တာတမံရဲ့ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ယခုနှစ်မှာ ကျွန်တော်တို့ စွန့်လွှတ်ခဲ့ရတဲ့ လယ်ယာမြေအစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ ဒါကတော့ ဆားငန်ရေကြောင့် လယ်ယာမြေတွေပျက်စီးသွားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကောင်းကင်က တာတမံကိုမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တာတမံရဲ့အချက်အလက်တွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ အနောက်ဘက် ရေပတ်လည်ဝိုင်းနေတဲ့ မြေနိမ့်ပိုင်းကျွန်းပေါ်ရှိ ငပိထုပ်ကွင်းမှာ သင်ပုန်းတန်းကျေးရွာ၊ ကုလားဘာကျေးရွာနှင့် ကံပြင်ကျေးရွာ ရွာသားများမှီခိုလုပ်ကိုင်နေကြတဲ့ လယ်ယာမြေဧက ၆၆၀ ခန့် ရှိပါတယ်။ အဲဒီ ငပိထုပ်ကွင်းကို ပတ်ပတ်လည်ဆည်ထားတဲ့ ငပိထုပ်တာတမံကို ၁၉၈၁-၁၉၈၂ ခုနှစ်မှာ အစိုးရက ဆည်ဖို့ပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ အစိုးရက ပြုပြင်စရိတ်ငွေ ချမပေးတော့ပါဘူး။ ဒါပေမဲ့ လယ်သမားတွေက ဆက်လက်ထိန်းသိမ်းလာခဲ့ပါတယ်။ အဲဒီလို ထိန်းသိမ်းလာခဲ့တဲ့အခါမှာ စပါးဈေးတွေကျလာတယ်။ သွင်းအားစုစရိတ်တွေကြီးလာတယ်။ အလုပ်သမားတွေရှားလာတယ်။ သဘာဝဘေးတွေကျရောက်လာခဲ့တဲ့အတွက် လယ်သမားတွေဟာ မပြုပြင်နိုင်တော့ဘဲ ငပိထုပ်တာတမံက တဖြည်းဖြည်း ပျက်စီးလာခဲ့တာ ၃၅ နှစ်ခန့်ကြာမြင့်ပြီဖြစ်ပါတယ်။ ယခုအခါ အဲဒီတာတမံဟာ နှစ်စဉ်နှစ်တိုင်း မိုးတွင်းမှာတစ်ကြိမ် ရေမြုပ်ခံရပါတယ်။ စပါးမှည့်ချိန်မှာတစ်ကြိမ် ဆားငန်ရေဝင်တာခံရပါတယ်။ လယ်မြေဧက ၆၆၀ အားလုံးပျက်စီးပြီး မျိုးစပါးတောင်မကျန်တဲ့နှစ်တွေလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် လယ်ယာမြေ စွန့်လွှတ်မှုတွေရှိလာပါတယ်။ ၂၀၁၀ ခုနှစ်မှာ တာတမံထဲမှာ ကျွဲနွား ၂၁ ကောင် ရေနစ်ပြီးသေခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် ပုံမှန်မုန်တိုင်းကြောင့် ကျွဲ နွား လေးကောင် ရေလွှဲအောက်မပြေးနိုင်ဘဲ သေဆုံးခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာ နိုင်ငံတော်မှ ငွေကျပ် သိန်း ၅၀ အကုန်အကျခံပြီး မွမ်းမံပေးခဲ့ပါတယ်။ ထိရောက်မှုမရှိတဲ့အတွက် လယ်ယာမြေတွေ ဆုံးရှုံးသွားပါတယ်။ ၂၀၁၅ ခုနှစ်အထိ လယ်မြေဧက ၂၀၀ ခန့်မှာ လယ်ပျက်တွေဖြစ်သွားပါတယ်။ ၂၀၁၆ ခုနှစ်မှာ နောက်ထပ် ဧက ၈၀၊ ၉၀ ခန့်အထိ စွန့်လွှတ်ခဲ့ရပါတယ်။ အဲဒီကွင်းမှာ အကောင်းဆုံးလယ်တစ်ဧက ရောင်းဈေးဟာ နှစ်သိန်းခွဲပဲရှိပါတယ်။ မကောင်းတဲ့လယ်တွေကို အခမဲ့ပေးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငပိထုပ်တာတမံကို ပြန်လည်ဆည်ဖို့ပါက စပါးထွက်နှုန်းအနည်းဆုံး နှစ်ဆခန့်တိုးတက်လာနိုင်ပြီး ပျက်စီးနေတဲ့လယ်ယာမြေတွေဟာ လယ်ကောင်းတွေဖြစ်လာပြီးတော့ ဒေသခံလယ်သမားတွေရဲ့ စီးပွားရေးဘဝဟာ နေ့ချင်းညချင်း ပြောင်းလဲသွားမှာဖြစ်ပါတယ်။ နောက်ထပ်ရရှိလာမယ့် အကျိုးကျေးဇူးတွေက လယ်မြေသစ် ဧက ၂၀၀ ခန့် ပေါ်ထွက်လာပါမယ်။ ကျွဲ နွားကောင်ရေ ၂၀၀၀ ခန့် အမှီသဟဲပြုနိုင်မယ့် ရေချိုတမံ ဧက ၈၀ ခန့်လည်း ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ ဒီတာတမံကို မဆည်

ဘဲထားလိုက်မယ်ဆိုရင် လယ်မြေဧက ၆၀၀ ခန့်ဟာ တဖြည်းဖြည်းပျက်စီးသွားမှာဖြစ်ပြီးတော့ လယ်သမားတွေရဲ့ စီးပွားရေးဘဝဟာ အကြီးအကျယ်ထိခိုက်သွားမှာ အမှန်ပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆင်းရဲတဲ့လယ်သမားတွေရဲ့ဘဝကို ကယ်တင်တဲ့အနေနဲ့ ငပိထုပ်တာတမံကို ဆယ်ဖို့ပေး သင့်ပါကြောင်း တင်ပြရင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးထွန်းမောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်း ကျေးရွာမှာရှိတဲ့ ငပိထုပ်တာတမံကို ဆည်ဖို့ပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ဆည်ဖို့ ပေးနိုင်ပါမည်နည်း၊ မရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြား အပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာရှိတဲ့ သင်ပုန်းတန်းကျေးရွာမှာရှိတဲ့ ငပိထုပ်တာ ဟာ ဒေသမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထိန်းသိမ်းထားတဲ့ တာတစ်ခုဖြစ်ပါတယ်။ အလျားပေပေါင်း ၁၈၅၀၀ ရှည်လျားပြီးတော့ သင်ပုန်းတန်းကျေးရွာ၊ ကံပြင်ကျေးရွာနှင့် ကုလားဘာကျေးရွာများမှ လယ်မြေ ၆၆၀ ဧကခန့်ကို မြစ်ရေဝင်ရောက်နစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိတယ်လို့ သိရပါတယ်။ အဆိုပါတာကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာ မရှိ သော်လည်း ပျက်စီးယိုယွင်းလျက်ရှိတဲ့အတွက် ယခင်ကာလက ၁၉၈၁-၁၉၈၂ ခုနှစ်မှာ ဌာနအနေနဲ့ ဝင်ရောက်ပြုပြင်ပေးခဲ့ရတယ်လို့လည်း သိရှိခဲ့ရပါတယ်။

သို့သော်လည်းပဲ ဒေသမှ ပြုပြင်ထိန်းသိမ်းနိုင်မှုအားနည်းသဖြင့် တာပေါင်များ စောစောက ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့သလို နိမ့်ကျပျက်စီးနေတဲ့အတွက် ၂၀၁၅ ခုနှစ်မှာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးမှ သင်ပုန်းတန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲ

ရေးအဖွဲ့ကို ခေါ်ယူတွေ့ဆုံပြီး ငွေကျပ် သိန်း ၅ဝ ထုတ်ပေးပြီး ဒေသအစီအစဉ်ဖြင့် တာထိပ်ကန်သင်းဆင့်၍ ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ယခု ၂ဝ၁၆ ခုနှစ် မိုးရာသီမှာ ထူးကဲမိုးရွာသွန်းတဲ့အတွက် ရေကြီးရေလျှံမှုကြောင့် ကျိုးပေါက်ပြီးတော့ ထပ်မံပျက်စီးခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ လက်ရှိအခြေအနေအရ တာတစ်လျှောက်လုံးမှာ တာပေါင်များနိမ့်ကျနေခြင်း၊ ကျိုးပေါက်ပျက်စီးခြင်းများဖြစ်ပေါ်လျက်ရှိပြီး မိုးရာသီမှာ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းနှင့် နွေရာသီမှာ ရေငန်ဝင်ရောက်ခြင်းများ ကြုံတွေ့ရလျက်ရှိသဖြင့် တာဖို့ပြုပြင်ခြင်းနှင့် (၅ ပေ x ၆ ပေ) ၂ ပေါက် ရေတံခါးတစ်ခုထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရပါတယ်။ အဆိုပါလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် မူလကာကွယ်ဧကပေါင်း ၆၆ဝ အပြင် ဧက ၅ဝဝ ခန့်ကို ထပ်မံကာကွယ်နိုင်မှာဖြစ်ပြီး စုစုပေါင်း ၁၁၆ဝ ဧကခန့်ကို ရေဘေးကာကွယ်ပေး နိုင်မည့်အပြင် နွေရာသီအတွက် ရေချိုထိန်းသိမ်းသိုလှောင်ပေးနိုင်မည်ဖြစ်သောကြောင့် ဒေသမှာရှိတဲ့လူနှင့်ကျွဲနွား တိရစ္ဆာန်များ သောက်သုံးရေရရှိနိုင်တဲ့ အကျိုးကျေးဇူးကို ရရှိမယ်လို့လည်းသိရပါတယ်။ သို့ဖြစ်တဲ့အတွက် ငပိထုပ်တာ မြေဖို့ပြုပြင်ခြင်းနှင့် ရေထိန်းတံခါးတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျမည့်ခန့်မှန်းငွေကျပ် ၂၄၆ သန်းကို လိုအပ်ရန်ပုံငွေအတွက် ၂ဝ၁၇-၂ဝ၁၈ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေမှာ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မှာ အခြေခံပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**စိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူဦးကြီးများ၏ လိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စက်ယန္တရားများအပါအဝင် အခြားသွင်းအားစုများကို ပိုမိုပံ့ပိုး၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ကိုင်ကြသောတောင်သူဦးကြီးများရဲ့ လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်း

ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများဖြစ်ကာ ကျေးလက်နေပြည်သူအများစုကလည်း စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရကြောင်း အားလုံးသိရှိခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့တောင်သူဦးကြီးတွေရဲ့ ဘဝဟာ ခေတ်အဆက်ဆက်ကျေးဇူးရှင်ဦးကြီးများဟု သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသော်လည်းပဲ အဲဒီကျေးဇူးရှင်ကြီးတွေဟာ ဆင်းရဲသားဘဝကနေ သိသာစွာပြောင်းလဲလာမှုမရှိသေးကြောင်း တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြည်သူများမှ ယုံကြည်အားကိုးစွာဖြင့် ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရလက်ထက်မှာ တိုင်းပြည်ရဲ့အခြေခံဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် တောင်သူဦးကြီးများရဲ့လိုအပ်ချက်များကို ပိုမိုပံ့ပိုးအလေးထားဆောင်ရွက် ဖြည့်ဆည်းပေးဖို့လိုအပ်လှပါတယ်။ အဲဒီလိုဖြည့်ဆည်းဆောင်ရွက်ပေးတဲ့အခါမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ မျိုးကောင်းမျိုးသန့်တွေ အလွယ်တကူဝယ်ယူရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးသင့်လှပါတယ်။ မျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးမှသာလျှင် သီးနှံအထွက်နှုန်းလည်းကောင်းမှာဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးလိုက်ရုံနဲ့ပြီးပြီလားဆိုတော့လည်း မဟုတ်သေးပါဘူးခင်ဗျား။ သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အားဆေးနှင့် ရေသွင်းရေထုတ်မှန်ကန်မှုကိုလည်း စနစ်တကျပံ့ပိုးပေးဖို့ လိုအပ်လှပါတယ်။ ယခုမြေပြင်အခြေအနေမှာဆိုလို့ရှိရင် အမှန်တကယ်စိုက်ပျိုး ရေလိုအပ်တဲ့အချိန်အခါမှာ ရေမရရှိဘဲ စိုက်ပျိုးရေမလိုအပ်တဲ့အခါကျခါမှ များစွာလွှတ်နေတာကို မြေပြင်အခြေအနေမှာ လက်တွေ့ကြုံတွေ့နေရပါတယ်။ မစိုက်ပျိုးမီထယ်ရေးပြင်ချိန်ခါမှာလည်း Compound ဓာတ်မြေဩဇာတွေထည့်ဖို့၊ သဘာဝမြေဩဇာတွေထည့်သွင်းဖို့ လိုအပ်သလို ထယ်ရေးမြန်မြန်ညက်ဖို့အတွက်လည်း စက်ယန္တရားများကို လွယ်ကူစွာရရှိဖို့ ပံ့ပိုးပေးဖို့လည်း ပြည်သူတွေက စောင့်ဆိုင်းမျှော်လင့်နေပါတယ်။ အဲဒီလို စက်ယန္တရားဆိုရာမှာ ထယ်ရေးပြင်ချိန်ကစ ရိတ်သိမ်း ခြွေလှေ့တဲ့အထိ လိုအပ်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူဌေးသူကြွယ်တွေ၊ အရာရှိကြီးတွေ စားနေတဲ့ ပေါ်ဆန်းမွှေး လိုဆန်တွေ၊ ဧရာပဒေသာ၊ ဧရာကျောက်စိမ်းလိုဆန်တွေသာမက ကျန်းမာရေးဆန်လို့ခေါ်တဲ့ မာပလာတီဆန်တွေဟာလည်းပဲ ကျွန်တော်တို့ တောင်သူတွေပဲ စိုက်ပျိုးခဲ့တာပါ။ တကယ်တော့ အဲဒီလို ဆန်ကောင်းတွေကို တကယ်စိုက်ပျိုးခဲ့တဲ့ တောင်သူတွေက စားရလားဆိုတော့ မစားရပါဘူး။ ဘာဖြစ်လို့လဲ။ တကယ်စိုက်ပျိုးခဲ့တဲ့ တောင်သူတွေကလည်း ကောင်းတာတွေကို စားချင်တာပါပဲ။ ဘာဖြစ်လို့ မစားရသလဲ

ဆိုတော့ ဆင်းရဲသားဘဝကနေမလွတ်သေးတော့ ဈေးကောင်းတဲ့ အဲဒီလိုဆန်ကောင်းတွေကို သီးနှံ အကောင်းတွေကို ရောင်းပြီးတော့ မနော်လိုဆန်ကြမ်း မျိုးနဲ့ပဲ ပျော်မွေ့နေခဲ့ရတာ နှစ်ပေါင်းကြာရှည် လှပါပြီခင်ဗျား။ နှမ်းစိုက်တဲ့တောင်သူတွေဆိုရင်လည်း နှမ်းဆီကိုမစားရဘဲ စားအုန်းဆီနဲ့ပျော်မွေ့နေခဲ့ ရတာပါ။ ဒီနှစ်ဆိုရင် နှမ်းဈေးဟာ နှစ်တိုင်းထက် အဆမတန်ကျနေတော့ စားအုန်းဆီတောင် စားရဖို့ အနိုင်နိုင် ရေလုံပြုတ်နဲ့ပဲ နှစ်ပါးသွားနေရပါတယ်။ တောင်သူဦးကြီးများဟာ မိမိတို့ရဲ့ လယ်ယာကိုင်း ကျွန်းကထွက်တဲ့ အကောင်းဆုံးသီးနှံတွေကို အဲဒီ မစားရတာဟာ မြင်သာမြင်မကြင်ရတဲ့ဘဝဆိုတာ ကျွန်တော်တို့ တောင်သူဦးကြီးတွေရဲ့ဘဝပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေသာတိုးလာတယ် စိုက်ပျိုးမြေတွေက တိုးမလာတော့ ရာသီဥတုနှင့် ရောဂါဒဏ်ကိုခံနိုင်တဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေလည်း လွယ်ကူစွာဝယ်ယူရရှိဖို့ အတွက် ဆောင်ရွက်ပေးဖို့ လိုအပ်လှပါတယ်။ အဲဒီလိုပဲ အရည်အသွေးပြည့်ဝတဲ့ ဓာတ်မြေသြဇာတွေ၊ သဘာဝမြေသြဇာတွေ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူရရှိရေး အတွက်ဆောင်ရွက်ပေးဖို့ လိုအပ် လှပါတယ်။ စက်ယန္တရားတွေကလည်း ဈေးနှုန်းတွေက အဆမတန် ကြီးနေတော့ ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူရရှိဖို့အတွက်လည်းကောင်း နှစ်ရှည်အရစ်ကျဝယ်ယူတဲ့စနစ်နဲ့ ရရှိဖို့အတွက်ကိုလည်း ကူညီ ဆောင်ရွက်ပေးဖို့ တောင်သူများက မျှော်လင့်နေပါတယ်ခင်ဗျား။ နိုင်ငံတကာလည်း သင်ရပါတယ်။ အခုလည်း ဒုတိယတန်းဖတ်စာစာအုပ်ထဲမှာ ပြဋ္ဌာန်းထားတာပါရှိပါတယ်။ ကျေးဇူးရှင်ဦးကြီးများတဲ့။ အဲဒီလိုပဲ ကျွန်တော်တို့ ကျေးဇူးရှင်ဦးကြီးများ၊ ကျေးဇူးရှင်ဦးကြီးများဆိုပြီးတော့ ကျွန်တော်တို့ ငယ်ငယ်ကတည်းကနေ ခေတ်အဆက်ဆက်ပြဋ္ဌာန်းလာခဲ့တာ အခု ဒုတိယတန်း ဖတ်စာစာအုပ်ထဲမှာ ပါတဲ့အတွက် ကျွန်တော်တို့ ဒုတိယတန်း ကလေးများရဲ့နှုတ်ဖျားမှာတောင် ရေရွတ်နေတတ်ပါပြီ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ တောင်သူဦးကြီးများရဲ့ ဘဝတွေဟာ ဒုတိယတန်းဖတ်စာအုပ်ထဲမှာပဲ မကျေမနပ်နဲ့ ပျော်မွေ့နေခဲ့ရတာ နှစ်ပေါင်းလည်းကြာခဲ့လှပါပြီ။ ယခု ပြည်သူလူထုမှ ယုံကြည် အားကိုးစွာဖြင့် ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရလက်ထက်မှာ အမှန်တကယ် ကျေးဇူးရှင် ဦးကြီးများအဖြစ် လေးလေးစားစား တန်ဖိုးထားပြီးတော့ သတ်မှတ်နေပြီဆိုတာကို တောင်သူ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့ တောင်သူဦးကြီးများရဲ့ လိုအပ်ချက်များဖြစ်တဲ့ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် စက်ယန္တရားများအပါအဝင် အခြားသွင်းအားစုများကို ပိုမိုပံ့ပိုးပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးသူ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ရရှိသုံးစွဲနိုင်ရေးအတွက် မိဘမျိုးစေ့ဖြစ်တဲ့(Breeder Seed) မွေးမြူထုတ်လုပ်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ဆင့်ပွားမျိုးစေ့ဖြစ်တဲ့ (Foundation Seed)နှင့် မျိုးသန့်မျိုးပွားမျိုးစေ့(Register Seed) ပွားများထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲအောက်မှာရှိတဲ့ မျိုးသန့်ခြံများမှာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့ ပွားများစိုက်ပျိုးခြင်းကို စိုက်ပျိုးရေးဦးစီးဌာနတွင်မကဘဲနဲ့ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးဆောင်တောင်သူများပူးပေါင်းပြီး နှစ်စဉ်မျိုးပွားစိုက်ပျိုးဖို့ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူများရဲ့ စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ လိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်မီတဲ့မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးဖြည့်ဆည်းပေးနိုင်ရန်အတွက် မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ဖြစ်တဲ့(Seed Grower Association)ကိုလည်း ယခုနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီမှစ၍ ဝန်ကြီးဌာနအနေနဲ့ စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ယခု မိုးစပါးရာသီမှာ ဧက ၁၁၀၀၀ ကို မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းအဖြစ် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဧရိယာများမှာ မျိုးစေ့ထုတ်လုပ်တဲ့ လုပ်ငန်းစဉ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ ကျွမ်းကျင်ဝန်ထမ်းများမှ နည်းပညာကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်ရေးထားတဲ့မျိုးစေ့များကို သင့်တော်တဲ့မျိုးစေ့ဈေးနှုန်းများနှင့် ပြန်လည်ဝယ်ယူ စုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆန်စပါးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဆောင်ရွက်ဖို့ရာ စီစဉ်ချမှတ်လျက်ရှိပါတယ်။

**မူကြမ်း**

အလားတူပင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံဆိုင်ရာ မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူအသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးကိုလည်း လက်ရှိအနေအထားမှာ စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးသည့်သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားစေရေးအတွက် သွင်းအားစုတွေဖြစ်ကြတဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများကို အချိုးညီ အချိန်ကိုက်သုံးစွဲတတ်စေရန် နည်းပညာပေးတဲ့သင်တန်းများ၊ တောင်သူပညာပေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်နေသလို စံပြကွက်များ စိုက်ပျိုးပြသခြင်းဖြင့်လည်းကောင်း၊ သုတေသန စမ်းသပ်ကွက်များဆောင်ရွက်ခြင်းကို သီးနှံအလိုက်၊ ရာသီအလိုက်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှပြဋ္ဌာန်းထားတဲ့ မြေဩဇာဥပဒေနှင့် ပိုးသတ်ဆေးဥပဒေများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်စေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အပြင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ နမူနာများရယူ၍ ဓာတ်ခွဲခန်းတွင်ဓာတ်ခွဲစမ်းသပ်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိတဲ့ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချဖြန့်ဖြူးမှုကို တွေ့ရှိပါက ယခင်ပညာပေးကာလကုန်ဆုံးပြီး စောင့်ဆိုင်းခဲ့တဲ့ ကာလပြည့်မီပြီးဖြစ်တဲ့အတွက် ဥပဒေနှင့်အညီ အရေးယူခြင်းကိုလည်း ဆက်လက် ဆောင်ရွက်သွားရန် စီမံချက်များချမှတ်ပြီးဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် လိုက်လျောညီထွေရှိမည့် သီးနှံပုံစံများဖြစ်တဲ့ Cropping Pattern ပြောင်းလဲချမှတ်စိုက်ပျိုးစေခြင်းနဲ့ ရေအသုံးချမှု ထိရောက်စေခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများကို တောင်သူလယ်သမားများ လက်ခံယုံကြည်သုံးစွဲလာစေရေးအတွက် ဝန်ကြီးဌာနအောက်မှာရှိတဲ့ သက်ဆိုင်ရာဌာနများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယနေ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားတစ်ခုဖြစ်တဲ့ လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ပိုမိုသုံးစွဲနိုင်စေရန် စက်မှုလယ်ယာဦးစီးဌာနအပြင် ပုဂ္ဂလိက သမဝါယမအသင်းများမှ လယ်ယာသုံးစက်ကိရိယာဝန်ဆောင်မှုလုပ်ငန်းများ တိုင်းဒေသကြီး/ပြည်နယ် အနှံ့ပေါ်ပေါက်လာစေရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့ ကြားဖြတ်ပြီးတော့ အနည်းအကျဉ်းတင်ပြရရင် ဒေသအသီးသီးမှာ လယ်ယာသုံးစက်ကိရိယာကို ပိုမိုလွယ်ကူစွာသုံးစွဲနိုင်ရေးအတွက် ပြီးခဲ့တဲ့ ရက်ပိုင်းမှာ ကုမ္ပဏီတစ်ခုနဲ့ပဲ ညှိနှိုင်းချက်

ကိုဆောင်ရွက်ပြီးပြီဖြစ်ပါတယ်။ ကျသင့်ငွေရဲ့ ၁၀ ရာခိုင်နှုန်းကိုသာ လက်ငင်းပေးချေရန်ဖြစ်ပြီး ကျန်တာရဲ့ ၁၅ ရာခိုင်နှုန်းကို ၃ နှစ်ကျ အရစ်ပေးချေတဲ့စနစ်နဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာပြည် အနှံ့အပြားမှာ ဆောင်ရွက်သွားဖို့ပဲဖြစ်ပါတယ်။

လုပ်ကွက်ကြီးပြီးတော့ ငွေကြေးတတ်နိုင်တဲ့ တောင်သူဦးကြီးများကိုလည်းပဲ ကိုယ်ပိုင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်သော်လည်းပဲ လုပ်ကွက်ငယ်နှင့် လုပ်ကွက်လတ် တောင်သူများအတွက် သီးနှံစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်တဲ့ လယ်ယာသုံး စက်ကိရိယာများကို သင့်တော်တဲ့ဈေးနှုန်းဖြင့် လွယ်လင့်တကူငှားရမ်းသုံးစွဲနိုင်စေရန် စက်မှုလယ်ယာ ဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်းပြီး ဆောင်ရွက်ဖြည့်ဆည်းပေးသွားဖို့ရာ အစီအစဉ် များချမှတ်ပြီးလည်းဖြစ်ပါတယ်။ ထို့အပြင် တောင်သူလယ်သမားများ အသုံးပြုလျက်ရှိတဲ့ လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ်အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တောင်သူများနှင့် ဒေသခံများ ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ သင်တန်းများ ပို့ချပေးလျက် ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ယခုနှစ်မှစပြီး စပါးစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်စေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို လည်းပဲ တိုးမြှင့်ချေးခဲ့ပြီးဖြစ်ပါတယ်။ ဒါက တောင်သူလယ်သမားများ အရင်းအနှီးလိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးနိုင်တဲ့ နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေထဲက ဖြည့်ဆည်းပေးခဲ့ခြင်းပဲဖြစ် ပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများသာမက မြေယာမဲ့ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိစေပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာအလိုက် စိုက်ပျိုးရေး နှင့် မွေးမြူရေး သမဝါယမအသင်းများပေါ်ထွန်းလာစေဖို့ရာအတွက် စည်းရုံးပညာပေးဆောင်ရွက် လျက်ရှိပြီး မိမိဝန်ကြီးဌာနအောက်မှာရှိတဲ့ သမဝါယမဦးစီးဌာနမှ လိုအပ်တဲ့ အရင်းအနှီးငွေကြေး များကို ကာလတို၊ ကာလရှည် ချေးငှားပေးနိုင်ရေးကိုလည်း အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါ တယ်။ အဆိုပါသမဝါယမအသင်းများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးသာမက တန်ဖိုးကွင်းဆက်တစ်လျှောက် လိုအပ်နေတဲ့ နည်းပညာ၊ အရင်းအနှီး၊ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများကို အချိန်မီလွယ်ကူစွာ ရယူသုံးစွဲနိုင်ရေးဆောင်ရွက်နိုင် မည့်အပြင် တောင်သူလယ်သမားများရဲ့ ထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်

အဖြစ် ပြုပြင်ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်နိုင်ရေး အားပေးကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်နေကြတဲ့ တောင်သူဦးကြီးများရဲ့ လိုအပ်ချက်များဖြစ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများကို သီးနှံအလိုက်၊ ရာသီအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်ကို အလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ထပ်မံတင်ပြချင်တာကတော့ ဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ သုံးလကပင် နောင်ဆက်လက်ပြီးဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ် များကို ရေးဆွဲပြီးဖြစ်ပါတယ်။ မကြာမီအတွင်းမှာ ဒီလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော် ကိုလည်း တိတိကျကျတင်ပြနိုင်မှာဖြစ်တဲ့အကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ အခုလိုစိတ်ရှည်ရှည်ဖြင့် ပြည့်ပြည့်စုံစုံဖြေကြားပေး တဲ့အတွက်လည်း ကျေးဇူးအထူးတင်ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ တောင်သူတွေရဲ့ လက်တွေ့ဘဝမှာတော့ မျိုးစေ့တွေ၊ မျိုးကောင်းတွေရဖို့အတွက်ကို ကြိုးစားဆောင်ရွက်နေတယ်ဆိုတဲ့ အတွက် ကျွန်တော်လည်း များစွာ ဝမ်းသာအပ်ပါတယ်။ ကျွန်တော်တို့ ပိုးသတ်ဆေးသုံးရတဲ့အခါမှာ ပိုးသတ်ဆေးတွေဟာ လောလောဆယ်မှာ တရားဝင်မှတ်ပုံတင်ရတယ်။ တရားဝင်မှတ်ပုံမတင်တာတွေ လည်းရှိနေတယ်။ ဈေးကွက်ထဲမှာ။ တရားဝင်မှတ်ပုံတင်တဲ့ဈေးတွေဟာ အဆမတန်ဈေးတွေကကြီးနေ တော့ ကျွန်တော်တို့တောင်သူတွေကလည်းပဲ ဒီဆေးတွေက ကောင်းမှန်းသိတယ်။ သို့သော်လည်း ဈေးကအဆမတန်ကြီးနေတော့ ဈေးနှုန်းချိုတဲ့ တရားမဝင်ဆေးတွေကို ကျွန်တော်တို့က လွယ်ကူစွာပဲ ဝယ်ပြီးတော့ သုံးနေကြရတယ်။ ဒါကြောင့် အဲဒီအတွက် ကျွန်တော်တို့ ဒီဆေးတွေဈေးကြီးနေတာ ကိုလည်း ဝန်ကြီးဌာနအနေနဲ့ တောင်သူများကို ဘယ်လိုကူညီဆောင်ရွက်ပေးမလဲဆိုတာကို ထပ်ဆင့် မေးချင်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လယ်ယာစက်ကိရိယာတွေနဲ့ပတ်သက်ပြီးတော့ ကူညီပံ့ပိုးဆောင်ရွက်နေတယ်။ စက်မှုလယ်ယာနှင့်ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတယ်လို့ ဖြေကြား သွားပါတယ်။ တကယ်လည်းဟုတ်ပါတယ်။ သို့သော်လည်းပဲ စက်မှုလယ်ယာကထွက်တဲ့ ကျွန်တော်တို့

အင်းကုန်းစက်ရုံကသော်လည်းကောင်း ထွက်တဲ့စက်တွေဟာ ကျွန်တော်ကိုယ်တိုင်လည်း ဝယ်သုံးခဲ့တယ်။ ခြွေလှေ့စက်တွေထုတ်တယ်။ ကျွန်တော်တို့ဝယ်သုံးခဲ့တယ်။ စက်မှုလယ်ယာထုတ်တဲ့ လက်တွန်းထွန်စက်တွေ ဝယ်သုံးခဲ့တယ်။ သို့သော်လည်းပဲ တောင်သူတွေရဲ့နှုတ်ဖျားမှာကျ လယ်ယာ-၁၆ ထည့်မလောက်ဆိုတာတွေ ကျွန်တော်တို့က နှုတ်ဖျားမှာတောင်မှပဲ စကားတွင်လာတယ်။ ပိုက်ဆံမတတ်နိုင်လို့ ဒီစက်မှုလယ်ယာနှင့်ချိတ်ဆက်ပြီးတော့ ပြည်တွင်းဖြစ်စက်ရုံကထွက်တဲ့ စက်မှုလယ်ယာပစ္စည်းတွေကို ဝယ်သုံးတယ်။ သို့သော်လည်းပဲ ထပ်ထပ်ပြီးဖြည့်နေရတဲ့အတွက် တောင်သူတွေမှာ ပိုပြီးတော့ဆင်းရဲချို့တဲ့နေတယ်။ ခြွေလှေ့စက်ဆိုလည်းဒီအတိုင်းပဲ။ စက်မှုလယ်ယာကထွက်လာတဲ့ ခြွေလှေ့စက်တွေက အရည်အသွေးမပြည့်မီတဲ့အတွက် တောင်သူတွေဟာ ဈေးနှုန်းချိုသာစွာဖြင့် အရည်အသွေးပြည့်မီတဲ့စက်ယန္တရားတွေကို သုံးစွဲနိုင်ဖို့အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါကြောင်း ပြည်သူလူထုရဲ့ကိုယ်စား၊ တောင်သူဦးကြီးများရဲ့ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ စောစောတုန်းက တင်ပြတဲ့တင်ပြချက်ထဲမှာ ပါပါတယ်။ ကျွန်တော် ကြားဖြတ်ပြီးတင်ပြတဲ့အတွက် ပြည့်စုံတဲ့အစီအစဉ်တစ်ခုတော့ ဖြစ်မသွားပါဘူး။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို အဓိကထားပြီး ဖြေဆိုသွားတဲ့အတွက် ဖြစ်ပါတယ်။ စီစဉ်ဆောင်ရွက်ထားတဲ့ လက်ရှိပုံစံနမူနာလေးနဲ့ပဲ နမူနာပြောပါမယ်။ ကျွန်တော်အခု ကျွန်တော်တို့ စက်မှုလယ်ယာက ဖြည့်ဆည်းပေးတယ်ဆိုတာက ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ တကယ်ဖြည့်ဆည်းပေးနိုင်တဲ့အရာသည် မျိုးစေ့အတွက်သော်လည်းကောင်း၊ နည်းပညာအတွက်သော်လည်းကောင်း ကျွန်တော်တို့က ဒီမျိုးစေ့ကိုဘယ်လိုလုပ်ယူရမယ်ဆိုတဲ့ နည်းပညာလေးကို အဓိကထား၍သော်လည်းကောင်း ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ စက်မှုလယ်ယာများကရောင်းချတဲ့ဟာတွေသည် အဓိကထားတဲ့လုပ်ငန်းစဉ်မဟုတ်ပါဘူး။ ကျွန်တော်တို့အခု လယ်သမားများရဲ့ အကြိုက်ဖြစ်တဲ့ ဒီလယ်ယာသုံးပစ္စည်းများကို နိုင်ငံတကာဈေးကွက်ကနေပြီးတော့ တင်သွင်းတဲ့အချက်များနဲ့ ညှိနှိုင်းပြီးတော့ ဒေသအတွင်းမှာ ကြိုက်နှစ်သက်တာတွေဆောင်ရွက်ပေးဖို့ဆိုပြီးတော့ အစီအစဉ်ချမှတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာသုံးစက်ကိရိယာနှင့် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးတော့ ဖတ်လိုက်တော့ သိ/မသိတော့ မသိပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ သုံးပတ်ခန့်ကပဲ စံချိန်လင်းဆို

တဲ့ကုမ္ပဏီကနေပြီးတော့ ပထမဦးဆုံး ကျွန်တော်တို့ ကြိုးစားအားထုတ်မှုမှ ပထမ ခရီးလမ်းကြောင်း အဖြစ်နဲ့ Service Provider တွေကို တောင်သူနယ် ၁၄၃ မိုင်မှ စတင်ပြီးတော့ တည်ထောင်ပြီး ဖြစ်ပါတယ်။ ဒါက နမူနာတစ်ခုဖြစ်ပါတယ်။ တည်ထောင်တဲ့ပုံစံက လယ်သမားက ဖုန်းတစ်ချက် ဆက်ရုံနဲ့ မိမိလယ်ယာကို ထွန်ယက်ပြီးရန်အတွက် သတ်မှတ်တဲ့ဈေးနှုန်းများအတိုင်း ပေးမှာဖြစ်သွား ပါတယ်။ ဒါက Service Provider လုပ်တဲ့အပိုင်းဖြစ်ပါတယ်။ စောစောကပြောတဲ့ ဒီ Service Provider လုပ်တဲ့အပိုင်းက ဒါက အဲဒီမှာ ဈေးနှုန်းအမျိုးမျိုးရှိပါတယ်။ အဲဒီဈေးနှုန်းများသည် ယခု အစိုးရသစ်တက်ပြီးတဲ့ နောက်ပိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ စက်မှုလယ်ယာက ချထားတဲ့ဈေးနှုန်းများ အတိုင်းပဲ ဆောင်ရွက်စေပါတယ်။ ယခင်တုန်းက ကျွန်တော်ကိုယ်တိုင်လည်းပဲ စိုက်ပျိုးရေးလုပ်ငန်းကို တောင်ငူတက္ကသိုလ်မှာ ဆောင်ရွက်ခဲ့စဉ်တုန်းက ထယ်ထွန်ယက်ဈေးနှုန်းဟာ ၂၄၀၀၀ နဲ့ ၁၂၀၀၀ ရှိရကနေပြီးတော့ ယခု စက်မှုလယ်ယာနှင့် Service Provider တွေ ဆောင်ရွက်ပေးနေတဲ့ ဈေးနှုန်းက ၂၄၀၀၀ ကျပ်ကနေပြီးတော့ ၁၅၀၀၀ ကျပ် ကို လျှော့ချပေး၍လည်းကောင်း၊ ၁၂၀၀၀ ကျပ်ကနေ ၉၀၀၀ ကျပ်သို့ လျှော့ချပေး၍သော်လည်းကောင်း ဖုန်းတစ်ချက်ဆက်ရုံနဲ့ စိုက်ပျိုးပေးပါတယ်။ Services ကို ဘယ်အထိပေးနိုင်တာလဲဆိုရင် စောစောကပြောတဲ့ လယ်ယာလုပ်သားရှားပါးတဲ့ ပြဿနာ၊ အချိန်မီမရိတ်သိမ်းနိုင်တဲ့ပြဿနာ၊ ဒီကိုယ်စားလှယ်ကြီးများလည်း ကြုံလို့ရှိရင် ဝင်ကြည့်လို့ ရလိမ့်မယ်လို့ထင်ပါတယ်။ စိုက်ပျိုးတဲ့အချိန်မှာ မျိုးစပါးပေးရုံသက်သက်နဲ့ မိမိရဲ့မြေကွက်ပေါ်ကို စိုက်ပျိုးပြီးသည်အထိ ကုန်ကျစရိတ် အဖိုးနှုန်းသက်သက်သာသာ နဲ့ဖြစ်အောင် ဖန်တီးပေးနေပါတယ်။ ဒုတိယအဆင့် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အရည်အသွေးမီတဲ့ စက်ကိရိယာတွေ ကျွန်တော် စောစော ကပြောတဲ့အထဲမှာပါပါတယ်။ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း သုံးနှစ်ဆပ်တဲ့နည်းစနစ်ပါ။ ၃၀၀ တန် ပစ္စည်းတစ်ခုက ၁၀ ရာခိုင်နှုန်းပေးရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ New Holland ဆိုတာ နာမည်ပေါက်တဲ့ဟာ ဖြစ်ပါတယ်။ ကျန်တဲ့ နာမည်ပေါက်နေတဲ့ ကုမ္ပဏီနှစ်ခုကိုလည်း ဆက်လက် ညှိနှိုင်းပြီးတော့ မကြာမီအချိန်အတွင်းမှာ အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ဘေးမှာတော့ ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ် အဆင့်ဆင့်၊ ဆောင်ရွက်မယ့်အဆင့်ဆင့်ပါပါ တယ်။ သူရဲ့ဆောင်ရွက်တဲ့ပုံစံက သိန်း ၃၀၀ တန်ကိုမှ Cash Down က ၁၀ ရာခိုင်နှုန်းပဲ ချေရမယ်လို့ ညှိနှိုင်းပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဆက်လက်ပြီး ဆောင်ရွက်ရန်ဖြစ်တဲ့အတွက် ဒီနေရာမှာ ပြည့်ပြည့်စုံစုံ စောစောက မပြောပြတာဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းပဲချေရမှာ ဖြစ်တဲ့အတွက် သိန်း ၃၀၀ တန်သည် သူက သိန်း ၃၀ ချေရုံမျှနဲ့ ဒီစက်ကို လက်ဝယ်ကိုင်တွယ်သုံးစွဲနိုင်တဲ့အဆင့်ဖြစ်ပါတယ်။ နောက် ၆ လ

တစ်ကြိမ်ကျရင်တော့ ၁၅ ရာခိုင်နှုန်း ပြန်သွင်းတဲ့စနစ်ဖြစ်ပါတယ်။ နောက် ၆ လမှာ ၁၅ ရာခိုင်နှုန်း၊ ဒီမှာ စက်တစ်ခုရဲ့ Capacity နဲ့ ပတ်သက်ပြီး ကျွန်တော့်အတွေ့အကြုံအရ တင်ပြရမယ်ဆိုရင် စက်တစ်ခုရဲ့ ရက် ၂၀ Service လုပ်တဲ့ Capacity ဟာ ကျွန်တော့်လယ်ယာမြေဧက ၅၀ နှင့် ဧက ၆၀ တောင်ငူတက္ကသိုလ်ထဲမှာ ထွန်လိုက်တဲ့ အခါမှာ စက်မှုလယ်ယာကနေ စက်တစ်ခုကို ငှားပြီးထွန်ရင် ၂၅ သိန်း ရှင်းရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အခု စီစဉ်လိုက်တဲ့ Ratio သည် ၃၀၀ တန်ပစ္စည်းတောင်မှ ပထမအရစ်မှာ သိန်း ၃၀ ပေးရုံ နဲ့ ကိုင်ဆွဲနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ နောက်ဒုတိယတစ်ခုအနေနဲ့ ကျွန်တော်တို့ သိသလောက်လေ့လာတဲ့ Service ကို အပြည့်အဝပေးတဲ့ လယ်သမားပါ။ ပြီးခဲ့တဲ့ရက်က ပြည်ထောင်စု လွှတ်တော်မှာ ဒေါ်သက်သက်ခိုင် ဆွေးနွေးသွားသလိုပါပဲ။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်တဲ့နေရာမှာ အစိုးရအဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ ပြည်သူတွေပါဝင်မှု၊ စောစောက ကျွန်တော်ဖြေကြားတဲ့အချက်ထဲမှာလည်း ပါပါတယ်။ တောင်သူဦးကြီးများတတ်နိုင်တဲ့ တောင်သူ လက်ဝယ်ရှိတဲ့သူများလည်း ပါဝင်မှု၊ နောက်ပြီးတော့ ပုဂ္ဂလိကအဖွဲ့အစည်းများရဲ့ ခိုင်ခိုင်ခံ့ခံ့နဲ့ပါဝင်မှု ဒါကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်တွေကို ဆက်လက်ပြီးကျွန်တော့်အနေနဲ့ ဆောင်ရွက်သွားဖို့ရာ အစီအစဉ်များသည် အသေးစိတ်ချမှတ် ပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ မကြာမီအတွင်းမှာပဲ အကောင်အထည်ပေါ်လာပါမယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ ဒါနဲ့ပတ်သက်ပြီးတော့လည်း သတင်းစာမှာ ကျွန်တော် ထင်ပါတယ်။ သမ္မတကြီးကိုယ်တိုင်လည်း သွားရောက်အားပေးမယ့်အစီအစဉ်လည်းရှိတဲ့အတွက် ဒီလုပ်ငန်းစဉ် တွေကိုလည်း တိတိကျကျပြန်ပြီးရှင်းနိုင်ပါမယ်။ ဒီနေ့တော့ စက်ပစ္စည်းနှင့်ပတ်သက်လို့ ရှိရင်လည်းပဲ တကယ့်တန်ဖိုးကြီးတာကို တောင်သူရဲ့စိတ်ကြိုက်ဝယ်နိုင်တဲ့ စက်ပစ္စည်းဖြစ်အောင် ဖြစ်ဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးထင်နေသလို ဒါကထုတ်တဲ့ ပစ္စည်းကိုရောင်းမယ့်အစီအစဉ်မျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီတာဝန်ကို စယူကတည်းက လုပ်တဲ့အခါမှာ ကျွန်တော်တို့တတွေသည် Service လုပ်ငန်းကိုသာ အဓိကထားပြီးဆောင်ရွက်နေဖို့ရာအတွက် ပြောပါတယ်။ နည်းပညာလိုရင် ကျွန်တော်တို့ဆီမှာ တကယ်ရှိတာသည် စိုက်ပျိုးရေးဝန်ထမ်းမှာရှိတဲ့သူများသည်လည်းကောင်း၊ စက်မှုလယ်ယာမှာရှိတဲ့သူများသည်လည်းကောင်း သူတို့မှာ နည်းပညာများ တတ်ကျွမ်းပါတယ်။ ဒါပေမဲ့ Facilitate လုပ်ဖို့ရာအတွက် အင်အားသည် ဝန်ကြီးဌာနတစ်ခုထဲနဲ့တော့မပြည့်စုံတဲ့အတွက် အခုလို ပုဂ္ဂလိကများနဲ့မှ ပူးပေါင်းဆောင်ရွက်ရတယ်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနဲ့ပါ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး

**မူကြမ်း**

အနေနဲ့ ကျွန်တော်တို့ စီမံချက်တွေလည်း အချောအဖြစ်ထွက်ပြီးပါပြီ။ ကျွန်တော်တို့မကြေညာသေးတာကတော့ စီးပွားရေး ကော်မတီကတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကို တင်ပြပြီးမှ အချောအနေနဲ့ထွက်ဖို့ စီစဉ်ထားတဲ့အတွက်ဖြစ်ပါတယ်။ လုပ်ငန်းစဉ် Step by Step ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏အကူအညီဖြင့် မြစ်ချောင်းများကို စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို စနစ်တကျထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရာသီဥတုဆိုးရွားစွာပြောင်းလဲမှုကို ရင်ဆိုင်နေရတဲ့နိုင်ငံများအနက် မြန်မာနိုင်ငံဟာ ဒုတိယနေရာမှာရှိပါတယ်။ သဘာဝဘေးဒဏ်ကိုလည်း များစွာခံစားနေရတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ရေဘေး၊ ၂၀၁၆ ရေဘေး ထိုကဲ့သို့သော ရေဘေးများသည် နှစ်စဉ်လိုဖြစ်ပေါ်လျက်ရှိပါတယ်။ ရေကြီးရေလျှံဖြစ်ရတဲ့အဓိကအကြောင်းအရင်းမှာ လူတို့ကမဆင်မခြင်စည်းကမ်းမဲ့စွာ သစ်ပင်များခုတ်ခြင်းကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရာသီဥတုများဖောက်ပြန်ခြင်း၊ မြစ်ချောင်းများတွင် သဲနုန်းများပို့၍ တိမ်ကောခြင်းများဖြစ်ပေါ်ပါတယ်။ အခုလို သဲနုန်းများ၊ မြေများပို့၍ သောင်တွေထွန်း၊ မြစ်ကြောင်းတွေကွေ့ကောက်ပြီး ဧရာဝတီမြစ်ကမ်းပဲ့၍ ရွာလုံးကျွတ်ရွှေ့ပြောင်းကြရပါတယ်။ အချို့ရွာများမှာဆိုရင် တစ်ကြိမ်၊ နှစ်ကြိမ်ရွှေ့ပြောင်းနေရတဲ့ရွာတွေပါရှိပါတယ်။ အဆိုးဆုံးကတော့ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းအတွင်းမှာရှိတဲ့ ပခုက္ကူ ချောက်၊ ဆင်ဖြူကျွန်း၊ စလင်း၊ ပွင့်ဖြူ မင်းဘူး အစရှိတဲ့မြို့များမှာ ကျေးရွာအများစုလက်တွေ့ခံနေရပါတယ်။ ဥပမာ- ကျွန်တော့မဲဆန္ဒနယ်မှာရှိတဲ့ ဂူကြီး၊ သံကိုင်း၊ သိမ်ကုန်း၊ ကန်လှ၊ ပေါက်ကုန်း၊ ဇီးကျွန်း၊ ရွားတော၊ ဆည်မုန်း၊ ခိုစုစတဲ့ရွာတွေဟာ မြစ်ကမ်းပါးပဲ့လို့ လက်တလောရွှေ့ပြောင်းရတဲ့ရွာတွေရှိပါတယ်။ မင်းဘူး၊ စကုမြို့နယ်မှာ ထုံးမကြီးနှင့်

နိဗ္ဗာန်ကျွန်းကျေးရွာဟာ ပြီးခဲ့တဲ့နှစ်တွင် တစ်ရွာလုံးရွှေ့ပြောင်းခဲ့ရပါတယ်။ အခုလတ်တလော မင်းဘူး၊ စကုမြို့နယ်မှာရှိတဲ့ ကုန်းတန်းကျေးရွာဟာ ဧရာဝတီမြစ်ကမ်းပဲ့၍ လတ်တလောရွှေ့ပြောင်းနေရပါတယ်။ အဲ့ဒီလိုရွှေ့ပြောင်းရတဲ့အခါ သာသနိကအဆောက်အဦဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ သိမ်တွေ၊ စာသင်ကျောင်း စတဲ့အဆောက်အဦတွေရွှေ့တဲ့အခါ အင်မတန်မှအခက်အခဲတွေတွေ့ကြုံရတယ်။ ငွေကြေးတွေလည်း ကုန်ရပါတယ်။ နေအိမ်တွေပြောင်းရွှေ့ရတဲ့အခါ လယ်ယာမြေတွေကို အသုံးပြုရတဲ့အတွက် မြေတွေလည်းဆုံးရှုံးမှုရှိပါတယ်။ ဒီလိုခဏခဏရွှေ့ရတဲ့အခါ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်ကနောက်ကျနေရပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာတွေလည်း ဆုံးရှုံးမှုဖြစ်ပေါ်ပါတယ်။ အခုလို ကမ်းပါးပြိုတဲ့နေရာမှာ ကမ်းထိန်းနံရံများပြုလုပ်ခြင်း၊ သဲသောင်များကို တူးဖော်ခြင်း၊ မြစ်ကြောင်းများကို ဖြောင့်တန်းအောင်လုပ်ဆောင်ခြင်းများ အမြန်ဆုံးပြုလုပ်သင့်ပါပြီ။ မန္တလေးမှညောင်ဦးထိ ကမ္ဘာ့ဘဏ်အကူအညီဖြင့် မြစ်ချောင်းများကို ထိန်းသိမ်းမှုပြုလုပ်နေသည်ကိုလည်းသိရှိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခိုင်ခန့်မှုမရှိတဲ့၊ ကြာမြင့်နေတဲ့ ရေကာတာတွေကိုပါ ပြင်ဖို့လိုအပ်နေပါတယ်။ မိုးတွင်းရောက်လို့ရေကြီးရေလျှံဖြစ်ပြီဆိုရင် မအိပ်နိုင်၊ မစားနိုင်ပဲ တာတွေကိုကျိုးပေါက်မှာစိုးရိမ်နေကြပါတယ်။ မတော်လို့တာကျိုးပြီဆိုရင် လယ်ယာမြေတွေ၊ သီးနှံတွေအများဆုံး ဆုံးရှုံးနစ်မြုပ်ကြရပါတယ်။ ဒီ့ထက်ဆိုးတာက မြို့၊ ရွာ၊ အိုးအိမ်တွေပါ ထိခိုက်ပျက်စီးကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ချောင်းများကို ယခုလိုစနစ်တကျ ပြန်လည်တူးဖော်ခြင်းကို ဆောင်ရွက်မည်ဆိုပါက များစွာကုန်ကျမည်ကိုလည်းသိရှိပါတယ်။ အစိုးရအနေနှင့် နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် အင်နဲ့အားနဲ့မသွားနိုင်ဘဲ ဘဏ္ဍာရေးအခက်အခဲများရှိသည်ကိုလည်း နားလည်ပါတယ်။ သို့ပါသော်လည်း မြစ်ချောင်းများတွင် သဲနုန်းများပို့၍တိမ်ကောခြင်း၊ သဲသောင်များထွန်း၍ ကွေ့ကောက်ခြင်း၊ ကမ်းပါးများပြိုခြင်းကို ကမ်းထိန်းနံရံပြုလုပ်ခြင်း၊ ကြာမြင့်နေပြီဖြစ်သော ရေကာတာများကို စနစ်တကျပြုလုပ်ရန် အရေးတကြီးလိုအပ်နေပါပြီ။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်အကူအညီ၊ နိုင်ငံတကာအကူအညီ၊ အရပ်ဘက်အဖွဲ့အစည်းများ၏အကူအညီဖြင့် မြစ်ချောင်းများကို စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် နိုင်ငံသူနိုင်ငံသားများ

ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ မေးခွန်းဖြစ်သည့် ကမ္ဘာ့ဘဏ်အကူအညီ၊ နိုင်ငံတကာအကူအညီနှင့်အရပ်ဘက်အဖွဲ့အစည်းများ၏အကူအညီဖြင့် မြစ်ချောင်းတွေကို စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကိုစနစ်တကျထိန်းသိမ်းပြုပြင်ခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ်မှာ အောက်ပါအတိုင်းပြန်လည်ဖြေကြားအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်များအနက် ရေကြီးရေလျှံခြင်းသည် ပျက်စီးဆုံးရှုံးမှုအများဆုံးနှင့် အဖြစ်များဆုံးသဘာဝဘေးအန္တရာယ်ဖြစ်ပြီး၊ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုကြီးမားစွာထိခိုက်စေတဲ့အတွက် ရေကြီးမှုသဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအမံများ စနစ်တကျရေးဆွဲအကောင်အထည်ဖော်ရေးမှာ အလွန်အရေးပါတဲ့လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ သက်ရောက်မှုကြောင့် မုတ်သုန်အဝင်နောက်ကျ၍ အထွက်စောကာ မုတ်သုန်ကာလတိုတောင်းခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာကာ အချိန်တိုအတွင်း ထူးကဲမိုးရေချိန်စံချိန်သစ်များဖြင့် ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ လူသားတွေရဲ့ အဆင်အခြင်မဲ့လုပ်ဆောင်မှု များဖြင့် သစ်တောများပြုန်းတီးခဲ့တဲ့အတွက် သဲနုန်းပို့ချမှုများ များပြားလာပြီး မြစ်ချောင်းများတိမ်ကောလာသဖြင့် ရေကြီးရေလျှံမှုကိုလည်း ပိုမိုဖြစ်ပေါ်စေခဲ့ပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ အဓိကမြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များအနက် ဧရာဝတီမြစ်မှာ အဓိကကျပြီး အကြီးမားဆုံးနှင့် အရှည်လျားဆုံးဖြစ်ကာ ရေဆင်းဧရိယာအကျယ်အဝန်းမှာ နိုင်ငံအကျယ်အဝန်း၏ ၅၇ ရာခိုင်နှုန်းခန့်ပင်ရှိတာကို

တွေ့ရပါတယ်။ ပုံမှန်အားဖြင့် ဧရာဝတီမြစ်ရဲ့ အလယ်ပိုင်းဧရိယာဒေသများသည် အများအားဖြင့် မိုးခေါင်မှုဒဏ်ခံစားရပြီး အောက်ပိုင်းမြစ်ဝှမ်း ဒေသများအနေနဲ့တော့ ရေကြီးရေလျှံမှု ဘေးအန္တရာယ်များကိုကြုံတွေ့ကြရပါတယ်။ ချင်းတွင်းမြစ်နှင့်စစ်တောင်းမြစ်များမှာလည်းပဲ သဲနုန်းများပို့ချပြီး တိမ်ကောလာတဲ့အတွက် ရေထုတ်နုတ်နိုင်မှုအားနည်းလာကာ ရေကြီးနစ်မြုပ်မှုများ အထိုက်အလျောက် ဖြစ်ပေါ်လျက်ရှိပါတယ်။

မြစ်များမှာ ရေလမ်းကြောင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းတွေကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတာဖြစ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း သဲသောင်တူးဖော်ခြင်းလုပ်ငန်းနှင့် မြစ်ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဧရာဝတီမြစ်အတွင်း ရေစူးတိမ်သည့်နေရာ ၃၄ နေရာနှင့်ချင်းတွင်းမြစ်အတွင်း ရေစူးတိမ်သည့်နေရာ ၂၀ နေရာတို့မှာ သဲသောင်တူးဖော်နိုင်ရေးအတွက် ငါးနှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲထားပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဘယ်လ်ဂျီယံနိုင်ငံမှ ချေးငွေယူရှိသန်း ၁၀၀ ရရှိရေး ညှိနှိုင်းဆွေးနွေးလျက်ရှိတယ်လို့လည်း သိရှိရပါတယ်။ အဆိုပါဆောင်ရွက်ရမည့်လုပ်ငန်းများအနက်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီမြစ်အတွင်း ဗန်းမော်-ထီးချိုင့်ရေလမ်းပိုင်းမှာ ရေလမ်းနှစ်နေရာကို သဲနုန်းတူးဖော်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် မန္တလေး-ချောက်ရေလမ်းပိုင်းမှာ ရေလမ်းလေးနေရာကို သဲသောင်တူးဖော်ခြင်းတို့ကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။ ဆက်လက်၍လည်း ဧရာဝတီမြစ်ပေါ်မှာရှိတဲ့ မကွေး-ပြည်ရေလမ်းပိုင်းမှာ ရေလမ်းသုံးနေရာ၊ ပြည်-ရန်ကုန်ရေလမ်းပိုင်းမှာ ရေလမ်းရှစ်နေရာ စုစုပေါင်း ရေလမ်း ၁၁ နေရာကိုလည်းကောင်း၊ ချင်းတွင်းမြစ်ပေါ်မှာလည်း ရေလမ်းငါးနေရာကိုလည်းကောင်း တူးဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မိမိရဲ့ ဝန်ကြီးဌာနဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ရေကြီးမှုအန္တရာယ်လျော့ပါးသက်သာစေ ရေးအစီအမံများကို ဆောင်ရွက်လျက်ရှိရာမှာ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေကျခံသုံးစွဲနိုင်မှုအခြေအနေအပေါ်မှာမူတည်၍ ဦးစားပေးအဆင့်သတ်မှတ်ကာ တိမ်ကောနေတဲ့ ချောင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေဘေးအန္တရာယ် ကာကွယ်ရေးတာတမံများ

ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်များကို တတ်နိုင်သမျှအစွမ်းကုန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ဒေသအလိုက် ရှိရင်းစွဲဖြစ်တဲ့ မြေပြင်နိမ့်မြင့်အနေအထား၊ မြစ်/ချောင်းများနှင့် ရေနုတ်မြောင်းများ ဆက်စပ်တည်ရှိမှုနှင့်တိမ်ကောမှု အခြေအနေများအရ ပြည်သူလူထု၏ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရန်နှင့် အခြားမလိုလားအပ်တဲ့ ထိခိုက်မှုအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် စူးစမ်းလေ့လာတိုင်းတာပြီး ချိန်ဆဆောင်ရွက်ဖို့ ရာလည်း အထူးပင်လိုအပ်လျက်ရှိပါတယ်။

လက်ရှိမှာ ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ် ကြီးမားစွာဖြစ်ပေါ်လျက်ရှိတဲ့ ဧရာဝတီမြစ်ဝှမ်းအောက်ပိုင်းမှာရှိတဲ့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းမှ အရေးကြီးသော ရေဘေးကာကွယ်ရေးတာ ၁၅ ခု စုစုပေါင်းအလျား ၄၈၆.၄၇ မိုင်ကို ဦးစားပေးအဆင့် သတ်မှတ်ပြီး ပြုပြင်ရန်လိုအပ်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းမှာ လုပ်ငန်းပမာဏကြီးမားပြီး ကုန်ကျစရိတ်များပြားတဲ့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ပထမအဆင့်အနေဖြင့် အရေးကြီးဆုံးတာနှစ်ခုဖြစ်တဲ့ ဧရာဝတီ-ဟင်္သာတတာနှင့် ငဝန်တာ စုစုပေါင်းအလျား ၁၄၉.၂၆ မိုင်တို့ကို ဦးစားပေးပြုပြင်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဧရာဝတီမြစ် ရေကြီးရေလျှံမှုလျော့ပါးသက်သာစေရေး မဟာဗျူဟာစီမံချက် (Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ပတ်သက်ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများပါဝင်တဲ့ လုပ်ငန်းကော်မတီကို အစိုးရအဖွဲ့အနေနဲ့ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဤလုပ်ငန်းစဉ်မှာ လုပ်ငန်းပမာဏနှင့်ကုန်ကျစရိတ်လွန်စွာကြီးမားများပြားသောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာနှင့်ငွေကြေးအထောက်အပံ့များရယူကာ စူးစမ်းလေ့လာမှုလုပ်ငန်းများ စေ့စပ်သေချာစွာဆောင်ရွက်ပြီး ရေရှည်နှင့်ရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ ပိုင်းခြားစီမံဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် မြစ်ချောင်းများ စနစ်တကျပြန်လည်တူးဖော်ခြင်း၊ ရေကာတာများကို စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများမှာ လုပ်ငန်းပမာဏနှင့်ကုန်ကျစရိတ်ကြီးမားများပြားသည့်အပြင် စူးစမ်းလေ့လာတိုင်းတာမှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျခံဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်သလို ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာနှင့်ငွေကြေး အထောက်အပံ့များရရှိနိုင်ရေးအတွက်စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး

ဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူပေါင်းစပ်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သနပ်ပင်မြို့နယ် စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် ရေငန်တားတမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးဆောင်ရွက်မည့်အစီအစဉ်များအားသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ စစ်တောင်းမြစ်ကမ်းတစ်လျှောက်မှာ ရေငန်တားတမံနှင့်ရေတံခါးများတည်ဆောက်ရေး ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးမြန်းခဲ့ပြီးတော့ ကတိဖြစ်ခဲ့ပါတယ်။ သို့သော်လည်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတဲ့အတွက် ထပ်မံပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တောင်းမြစ်ရဲ့အနောက်ဘက်ခြမ်းမှာ သနပ်ပင်၊ ဝေါ၊ ကဝ မြို့နယ်တွေမှာ နွေစပါးနှင့် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ပျိုးကြပါတယ်။ ဖြစ်ထွန်းကြပါတယ်။ အဲဒီလို စိုက်ပျိုးတဲ့ ပဲတွေ၊ စပါးတွေရှင်သန်နေတဲ့အချိန်အခါမှာပဲ ပင်လယ်ဒီရေတက်ပြီးတော့ စစ်တောင်းမြစ်ထဲက နေပြီးတော့ ရေငန်တွေဝင်ရောက်တတ်ပါတယ်။ အဲဒီအခါမှာ စိုက်ပျိုးထားတဲ့သီးနှံတွေ ပျက်စီးသွားပါတယ်။ အဲဒီလို ရေငန်ဝင်ပြီးလို့ရှိရင် ဒီလယ်ယာမြေတွေဟာ နှစ်နှစ်၊ သုံးနှစ်အထိ ဆက်ပြီးတော့ ဖြစ်ထွန်းမှုမရှိအောင် ပျက်စီးသွားတတ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ဒီရေတက်ချိန်တွေမှာ နွေရာသီမှာ ရေငန်တွေမဝင်ဖို့လို့ ချောင်းတွေ၊ မြောင်းတွေကိုတော့ ယာယီရေတံခါးတွေအစား မြေသားနှင့် ပိတ်ဆို့တာရှိပါတယ်။ ဒါပေမဲ့လည်း ရေငန်တားတမံမရှိတဲ့အခါကျတော့ လယ်ကန်သင်းတွေကို ကျော်ပြီးတော့ ရေငန်တွေက ဝင်ရောက်ပြီးတော့ စိုက်ပျိုးထားတဲ့သီးနှံတွေ ဖျက်ဆီးတတ်ပါတယ်။ အဲဒီလို ရေငန်တွေမဝင်ရောက်နိုင်အောင်လို့ တာတမံတွေကို မြေသားနှင့်လုပ်တဲ့အခါမှာလည်း နှစ်စဉ်လုပ်ရတဲ့အခါမှာ အချိန်ကိုက်လည်းမဖြစ်ဘူး။ ကုန်ကျမှုလည်းများတာတွေ့ရပါတယ်။ နောက်ပြီးတော့ ထိထိရောက်ရောက်မကာကွယ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရေငန်တားတမံမရှိတဲ့အတွက် ရေငန်တွေက ကျော်ပြီးတော့ လယ်ကန်သင်းတွေကိုဝင်တတ်ပါတယ်။ တကယ်လို့သာပေါ့လေ။ ကျွန်တော်တို့က ရေငန်တားတမံတွေလည်းလုပ်ပေးနိုင်မယ်၊ ရေတံခါးတွေလည်းလုပ်ပေးနိုင်မယ်

ဆိုလို့ရှိရင် ဒီပဲခူးတိုင်းဒေသကြီးရဲ့အရှေ့ခြမ်း စစ်တောင်းမြစ်ကမ်းမှာရှိတဲ့ သနပ်ပင်၊ ကဝနှင့် ဝေါမြို့နယ်တွေမှာ လယ်ယာစိုက်ပျိုးရေးကိစ္စရော၊ ပဲသီးနှံတွေစိုက်ပျိုးတာရော ပိုပြီးတော့ဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့တောင်သူလယ်သမားတွေရဲ့ ဆင်းရဲမှုလျှော့ချရေးနှင့် တခြား အကျိုးကျေးဇူးတွေက ကြီးကြီးမားမားဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်။ နောက်ပြီးတော့ ရေချိုကိုလည်း နွေစပါးစိုက်ပျိုးချိန်မှာ လိုသလိုထိန်းထားနိုင်ပြီးတော့ ပင်လယ်ကဆားငန်ရေတွေဝင်ရောက်မှုတွေ ကိုလည်း တားဆီးနိုင်ပြီးတော့ သဲတွေ၊ နုန်းတွေပို့တာကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ သနပ်ပင်မြို့နယ် စစ်တောင်းမြစ်ကမ်းတစ်လျှောက်ရေငန်တားတမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးဆောင်ရွက် မည့်အစီအစဉ်များအားသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့မေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ စစ်တောင်းမြစ်ကမ်း တစ်လျှောက်မှာရှိတဲ့ ရေငန်တားတမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးဆောင်ရွက်မည့် အစီ အစဉ်နှင့်ပတ်သက်ပြီးသိလိုခြင်းမေးခွန်းကို မိမိရဲ့ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အရှေ့ဘက်ခြမ်းမှာရှိတဲ့ စစ်တောင်းမြစ်ကမ်းတစ်လျှောက်မှာ ရှိတဲ့ကျေးရွာများမှာ စစ်တောင်းမြစ်နှင့် မုတ္တမပင်လယ်ကွေ့တို့ဆုံတဲ့နေရာ အနီးမှာတည်ရှိပြီး မြေမျက်နှာပြင်နိမ့်မြင့်အနေအထားအရ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်ဒေသဖြစ်တဲ့အတွက် နွေရာသီ ကာလမှာ ဒီရေမြင့်တက်ချိန်များမှာ လယ်မြေများ ဆားငန်ရေဝင်ရောက်ခြင်း၊ မိုးရာသီကာလမှာ စစ်တောင်းမြစ်ရေကြီးရေလျှံ၍ လယ်မြေများရေကြီးနစ်မြုပ်ခြင်းစသည်ဖြင့် ကြုံတွေ့လျက်ရှိကြောင်း သိရှိရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သနပ်ပင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများမှလယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် နွေစပါးစိုက်ပျိုးရေရရှိရေး၊

ရေချိုသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေငန်တားတာ တည်ဆောက်ခြင်းနှင့် ရေထိန်းတံခါးများတည်ဆောက်ခြင်းစတဲ့လုပ်ငန်းစဉ်သုံးရပ်ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းစဉ်များအနက် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းစဉ်မှာပါဝင်တဲ့ သနပ်ပင်မြို့နယ်အရှေ့ဘက်ခြမ်းဒေသများ မိုးရာသီမှာရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးအတွက် ကွင်းရေများကို စစ်တောင်းမြစ်ထဲသို့ ထုတ်နုတ်ပေးနိုင်ရန် ဘုရားပျို-ဝင်းကဒက် ရေနုတ်မြောင်း၊ မင်းရွာ-ဝင်းကဒက်ရေနုတ်မြောင်း၊ ကုလားချောင်းကြီး-ခလပ်စုရေနုတ်မြောင်း၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်း၊ ဝဲပတန်ရေနုတ်မြောင်း၊ သံဒင်းရေနုတ်မြောင်း၊ ဘုန်းမစိုးရေနုတ်မြောင်းများကို ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ်များမှာ တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်မှုအထိုက်အလျောက်လျော့ပါးသက်သာစေခဲ့ပါတယ်။ သို့သော်လည်းပဲ စစ်တောင်းမြစ်ရေကြီးရေလျှံချိန်နှင့် ဒီရေမြင့်တက်ချိန်များမှာရေကြီးနစ်မြုပ်မှုများဟာ ဖြစ်ပေါ်ဆဲ၊ ဖြစ်ပေါ်လျက်ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်တဲ့ စစ်တောင်းမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ရှမ်းကိုင်းရွာမှ ကုက္ကိုရွာအထိ ရေငန်တားတမံအလျား ၂၀ မိုင်တည်ဆောက်ခြင်း၊ ဝင်းကဒက်၊ ခလပ်စု၊ ကုက္ကို၊ မမောက်၊ သံဒင်း၊ ဘုန်းမစိုးစတဲ့ ရေထိန်းတံခါးခြောက်ခု တည်ဆောက်ခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ တည်ဆောက်ရမယ့် ရေထိန်းတံခါးများ၏ အရွယ်အစားဟာ ကြီးမားတဲ့အတွက် လိုအပ်တဲ့စူးစမ်းလေ့လာမှုများကို အချိန်ယူဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ ရေနုတ်မြောင်းများပေါ်မှာ ရေထိန်းတံခါးများတည်ဆောက်ခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သေးသော်လည်းပဲ နွေရာသီမှာ လယ်မြေများကိုရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် သာမန်ပြုပြင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ယာယီမြေသားတမံများ နှစ်စဉ်တည်ဆောက်ပြီး ကာကွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တည်ဆောက်ရန်လျာထားတဲ့ ရေထိန်းတံခါးများအနက် ကုက္ကိုရေထိန်းတံခါးတည်ဆောက်မည့်နေရာရဲ့ မြေအောက်ဘူမိဗေဒစူးစမ်းလေ့လာခြင်းနှင့် မြေပြင်တိုင်းတာခြင်းလုပ်ငန်းများဟာ ဆောင်ရွက်ပြီးစီးပြီး အသေးစိတ်ဒီဇိုင်းပုံစံများ ရေးဆွဲလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ကျန်ရေတံခါးငါးခုနှင့်ရေငန်တားတာများအတွက် လိုအပ်သည့်စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲမှာပင် စစ်တောင်းမြစ်အတွင်းမှာ သဲနုန်းပို့ချပြီးရေလမ်းကြောင်းပြောင်းလဲမှုကို ကြုံတွေ့ခဲ့ရတဲ့အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာလခန့်မှစပြီး စစ်တောင်းမြစ်ကမ်းဘေးတစ်လျှောက်မှာ မြစ်ကမ်းပြို

မှုများဖြစ်ပွားခဲ့ပြီး သနပ်ပင်မြို့နယ်အတွင်းမှာရှိတဲ့ ကသစ်ခုံကျေးရွာနှင့် ကဝမြို့နယ်အတွင်းမှာရှိတဲ့ ရွှေတစ်ဆုပ်ကျေးရွာများ ရွှေ့ပြောင်းရသည့်အခြေအနေ ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့် မိုလို့ ဒီလုပ်ငန်းများမှာ စစ်တောင်းမြစ်၏ရေစီးကြောင်း ပြောင်းလဲလာမှုအရ ကမ်းပြိုကမ်းစားမှု ဖြစ်ပေါ်ခြင်းအခြေအနေကိုအချိန်ယူ၍ စူးစမ်းလေ့လာပြီးမှသာ မြစ်ကမ်းပြိုနိုင်မှုအခြေအနေမှ လွတ်ကင်းသောနေရာများမှာ ရေရှည်ကြံ့ခိုင်ပြီး လုံခြုံစိတ်ချနိုင်တဲ့ ရေငန်တားတမံနှင့် ရေထိန်းတံခါး များကို ဒီဇိုင်းပြုတွက်ချက်ကာ ဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်တဲ့အပြင် လုပ်ငန်းပမာဏသည်လည်းပဲ ကြီးမားပြီး ရန်ပုံငွေလိုအပ်ချက်များပြားမှာဖြစ်တဲ့အတွက် နှစ်အလိုက်လိုအပ်ရန်ပုံငွေများကို တင်ပြ တောင်းခံပြီး အဆင့်ဆင့်ဆောင်ရွက်သွားရမယ့် လုပ်ငန်းများဖြစ်ပါတယ်။ ဤလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန်အတွက် ဂျပန်နိုင်ငံမှနည်းပညာနှင့် ငွေကြေးအကူအညီရရှိရေးအတွက်ကို လည်းပဲ ၂၀၁၃ ခုနှစ်အတွင်းက ဂျပန်ပညာရှင်အဖွဲ့နှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ပြီးထပ်မံ ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်တယ်လို့သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် သနပ်ပင်မြို့အရှေ့ဘက်ရဲ့ စစ်တောင်းမြစ်ကမ်းတစ်လျှောက်မှာ ရေငန်တားတမံနှင့်ရေထိန်းတံခါးများကို ကမ်းပြိုတိုက်စားမှု အန္တရာယ်ကနေပြီး လွတ်ကင်းတဲ့နေရာမှာ ရွေးချယ်တည်ဆောက်နိုင်ရေးအတွက် လိုအပ်တဲ့စူးစမ်း လေ့လာခြင်းလုပ်ငန်းများ ပြီးပြည့်စုံအောင်ဆောင်ရွက်ပြီးတဲ့နောက်မှာ စူးစမ်းလေ့လာမှုများအရ ဒီဇိုင်းပြုတွက်ချက်ကာ နှစ်အလိုက်ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မှာအခြေခံပြီး ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ပြီးဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မတ်လ ၂ ရက်နေ့အား တောင်သူလယ်သမားနေ့ဟု သတ်မှတ်ထားခြင်းအစား ဆရာစံတောင်သူ လယ်သမားအရေးတော်ပုံ၏ အထင်ကရ ရက်နေ့တစ်နေ့အားရွေးချယ်၍ တောင်သူလယ်သမားနေ့ အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့ လို့သတ်မှတ်မယ့်အစား ကျွန်တော်တို့ ဗြိတိသျှနယ်ချဲ့ကို ရန်းကန်ဖို့တော်လှန်ခဲ့တဲ့ တောင်သူ

လယ်သမားအရေးတော်ပုံရဲ့ အထင်ကရနေ့တစ်နေ့ကို အစားထိုးသတ်မှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်က ကျေးဇူးရှင်တောင်သူလယ်သမားတွေကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုနိုင်ဖို့ဖြစ်ပါတယ်။ အဖက်ဖက်မှာ အောက်ကျနောက်ကျဖြစ်နေတဲ့လယ်သမားတွေကို ရုပ်ပိုင်းဆိုင်ရာအားဖြင့် ကျွန်တော်တို့က ကူညီမပေးနိုင်သည့်တိုင်အောင် စိတ်ဓာတ်ပိုင်းခွန်အားတွေကို ကျွန်တော်တို့က ပေးဖို့လိုအပ်တယ်လို့ ယူဆပါတယ်။ မတ်လ ၂ ရက်နေ့ဆိုတာ အားလုံးသိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့လွတ်လပ်ရေးရပြီးစ ဒီမိုကရေစီအပင်ပေါက်လေးကို ဥက္ကဋ္ဌက ဒီမိုကရေစီနေ့မှာပြောသွားတဲ့အတိုင်း သင်းသတ်ခံရတဲ့အဖြစ်မျိုး ဒီထက်ပိုပြောရရင် အမြစ်ပါမကျန်အောင်ဆွဲနုတ်ခံရတဲ့ ပြည်သူတွေအတွက် သမိုင်းမှာ နာမည်ဆိုးနဲ့ထင်ရှားတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ဒီလိုနေ့မျိုးကိုမှ ကျွန်တော်တို့က တောင်သူလယ်သမားတွေကို ဂုဏ်ပြုတယ်ဆိုတာမဖြစ်သင့်ပါဘူး။ ဘာနဲ့တူသလဲဆိုတော့ အသုဘကို အလှဆင်ပြီးတော့ လက်ဆောင်ပေးသလိုမျိုး အကျိုးမဲ့အရုပ်ဆိုးအကျည်းတန်လှပါတယ်။ ဒါကြောင့် အရင်အစိုးရအဆက်ဆက်က ဒီပေါ်မှာ တာဝန်မယူနိုင်ခဲ့ပေမယ့် ဒီနေ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ တာဝန်ယူဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယူဆတဲ့အတွက် လယ်သမားတွေကိုယ်စား အားကိုးတကြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ၇ ရက် ၃ လ လွှတ်တော် ဂျာနယ်အတွဲ(၂)မှာ အယ်ဒီတာ့အာဘော် စာပိုဒ်တစ်ပိုဒ်မှာ ဖော်ပြထားတာကတော့ မြန်မာ့သမိုင်းကို ကြည့်ပါက ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ပါလီမန်ဒီမိုကရေစီကိုဖျက်သိမ်းပြီး ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီက အာဏာသိမ်းသည့်နေ့ကို တောင်သူလယ်သမား နေ့ဟု သတ်မှတ်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီ အာဏာရပြီး တောင်သူလယ်သမားများရဲ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင် ဆောင်ရွက်နိုင်မည်ဆိုသော ဆောင်ပုဒ်ရည်ရွယ်ချက်ဖြင့် အာဏာသိမ်းသည့်နေ့ကို တောင်သူလယ်သမားနေ့ဟုသတ်မှတ်ပြီး ဆောင်ရွက်ခဲ့သူများသည် အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသလားဟု ခန့်မှန်းကြည့်ပါက မဆောင်ရွက်နိုင်ခဲ့ပါ။ ခပေါင်း-ဒူယား စသည့် တောင်သူလယ်သမားညီလာခံများကိုလုပ်ပြီး တောင်သူလယ်သမားများရဲ့ လိုအပ်ချက်များကို ဖြည့်ဆီးပေးရန် ကြိုးပမ်းခဲ့သော်လည်း လက်တွေ့တွင် အောင်မြင်မှုမရခဲ့သဖြင့် ၂၆ နှစ်ကြာ ၁၉၈၈ ခုနှစ်တွင် တောင်သူလယ်သမားများအပါအဝင် ပြည်သူများ၏ အုံကြွမှုကိုဖြစ်ပေါ်စေပြီး အစိုးရ အုပ်ချုပ်ရေးယန္တရားပျက်ယွင်းသွားခဲ့ရပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ

**မှုကြမ်း**

တပ်မတော်က အာဏာသိမ်းယူမှုကို ဒုတိယအကြိမ်ပြုလုပ်ခဲ့ပါတယ်။ သမိုင်းကြောင်းက မကောင်းလှပါ။ အဲဒီလိုဖော်ပြထားပါတယ်။ သို့ဖြစ်ရာ မတ်လ ၂ ရက်နေ့သည် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းပြီး အာဏာရှင်စနစ်ကို သန္ဓေတည်ဖို့ စတင်တဲ့နေ့ဖြစ်တယ်။ လယ်သမားများ၏ ဝမ်းစာ၊ မျိုးစပါး၊ လယ်မြေများပါ မကျန်သိမ်းယူပြီးတော့ လယ်သမားထုကို ဆင်းရဲဒုက္ခတွင်းသို့ ကျရောက်အောင်တွန်းပို့ခဲ့တဲ့ ဂြိုလ်ဆိုးဝင်တဲ့အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်ပါတယ်။

ထိုကဲ့သို့နေ့တစ်နေ့ကို တောင်သူလယ်သမားနေ့ဟု သတ်မှတ်ထားခြင်းမှာ ကျေးဇူးရှင်တောင်သူလယ်သမားများအား ဂုဏ်ပြုသတ်မှတ်သည်ဆိုသည့် ရည်ရွယ်ချက်ကင်းမဲ့ပြီး အနှစ်သာရပျောက်ဆုံးနေပါတယ်။ ထို့ကြောင့် တောင်သူလယ်သမားများရဲ့ စိတ်ဓာတ်ကိုချိုးနှိမ်သည့် ဖော်ပြပါ မတ်လ ၂ နေ့ရက်နေ့အား တောင်သူလယ်သမားနေ့ဟု သတ်မှတ်ပေးမည့်အစား တောင်သူလယ်သမားများရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်မည့်နေ့တစ်နေ့အား ပြောင်းလဲသတ်မှတ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ မတ်လ ၂ ရက်နေ့ တောင်သူလယ်သမားနေ့ဟု သတ်မှတ်ခြင်းအစား နယ်ချဲ့ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရာ ရုန်းကန်တော်လှန်ခဲ့ကြသည့် ဆရာစံတောင်သူလယ်သမားအရေးတော်ပုံ၏ အထင်ကရ ရက်နေ့တစ်နေ့အား ရွေးချယ်ပြီးတော့ တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မတ်လ ၂ ရက်နေ့ တောင်သူလယ်သမားနေ့ဟု သတ်မှတ်ထားခြင်းအစား နယ်ချဲ့ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရန် ရုန်းကန်တော်လှန်ခဲ့ကြတဲ့ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံရဲ့ အထင်ကရ ရက်နေ့တစ်နေ့ကို ရွေးချယ်ပြီး တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်

ဖြေကြားမှာဖြစ်ပါတယ်။ အလားတူ မေးခွန်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်း အဝေးမှာလည်းပဲ ပေးပို့ပြီးတော့ ပြန်လည်ဖြေကြားခဲ့ပြီးလို့ သိရှိရပါတယ်။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဖေသန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ထပ်မံရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့ ဖြစ်ပေါ်ရခြင်းရဲ့သမိုင်းကြောင်းကို လေ့လာတဲ့နေရာမှာ အောက်ပါအတိုင်းတွေ့ရှိရပါတယ်။ ရှေးယခင်အစိုးရကာလ တော်လှန်ရေးကောင်စီလက်ထက် တောင်သူလယ်သမားများ စည်းလုံးညီညွတ်မှုရရှိစေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမား များဟာ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးသမိုင်းတစ်လျှောက်မှာ တိုက်ပွဲဝင်အင်အားစုများဖြစ်ခဲ့သော ကြောင့်ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများရဲ့ နှီးနှောဖလှယ်ပွဲအခမ်းအနား ကို ကျင်းပပေးခဲ့တဲ့အရာမှနေပြီး တောင်သူလယ်သမားနေ့ဟု ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့ နှီးနှောဖလှယ်ပွဲများကို ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်မှ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ အုန်းတောရွာမှာလည်းကောင်း၊ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ဒူးရာကျေးရွာမှာလည်းကောင်း၊ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားမှာ လည်းကောင်း ၁၉၆၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ တောင်ငူခရိုင်၊ တောင်ငူ မြို့နယ်၊ ခပေါင်းမှာလည်းကောင်း ကျင်းပခဲ့ပြီး ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ လေးနှစ်ကိုတော့ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများ အသီးသီးကျင်းပခဲ့တယ် လို့သိရပါတယ်။

ထိုစဉ်ကာလက တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစတင်ပြီးတော့ နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ ပုပ္ပားတောင်သူလယ်သမားနှီးနှောဖလှယ်ပွဲမှာ တက်ရောက်လာကြတဲ့ တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများက ဇန်နဝါရီလဟာ တောင်သူ လယ်သမားများ၏ လယ်ယာသီးနှံချိန်များ ရိတ်သိမ်းချိန်နဲ့တိုက်ဆိုင်နေတဲ့အတွက်လည်းကောင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ ပွင့်လင်းရာသီဖြစ် တဲ့ တောင်သူလယ်သမားများအတွက် သင့်လျော်ကောင်းမွန်တဲ့ ရက်ကိုပြောင်းလဲကျင်းပသင့်ကြောင်း အဆိုတင်ပြီး မတ်လ ၂ ရက်နေ့ကို သတ်မှတ်ခဲ့တယ်လို့ သိရပါတယ်။ ဤကဲ့သို့ တစ်ညီတစ်ညွတ်တည်း

တင်ပြခဲ့ရာကနေပြီး တောင်သူလယ်သမားများ ဆန္ဒအရ ၁၉၆၄ ခုနှစ်မှစတင်ပြီး မတ်လ ၂ ရက်နေ့သို့ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ တောင်သူလယ်သမားနေ့ အခမ်းအနားကို တောင်ငူမြို့နယ်၊ ခပေါင်းစခန်းမှာစတင်ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ သို့ဖြစ်တဲ့အတွက် တောင်သူလယ်သမားနေ့ကို သုံးသပ်ကြည့်မယ်ဆိုရင် တောင်သူလယ်သမားတစ်ဦး တစ်ယောက်ခြင်းကို ဂုဏ်ပြုသတ်မှတ်တဲ့ နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့တာမဟုတ်ဘဲနဲ့ နိုင်ငံတစ်ဝှမ်း လုံးမှာရှိတဲ့ တောင်သူလယ်သမားများအားလုံးကို ဂုဏ်ပြုကျင်းပပေးခဲ့တဲ့ နေ့ရက်တစ်ရက်ဖြစ်တယ်လို့ ခံယူမိပါတယ်။ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မတ်လ ၂ ရက်နေ့အစား တောင်သူလယ်သမားနေ့ဟု သတ်မှတ်ခြင်းကို နယ်ချဲ့ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရန် ရုန်းကန်တော်လှန်ခဲ့ကြတဲ့ ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ၏ အထင်ကရ ရက်နေ့တစ်နေ့ အား ရွေးချယ်၍ တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်ရဲ့ နေ့ထူးနေ့မြတ်ထားရှိမှုဟာ နိုင်ငံတော်အစိုးရအနေနဲ့ ပြဋ္ဌာန်း ထားရှိတဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ထားရှိခဲ့တဲ့ လုပ်ငန်း တစ်ရပ်ဖြစ်သော်လည်းပဲ ယင်းနေ့ရက်တစ်ရက်ကို ပြင်ဆင်လိုပါက ယင်းနေ့ရက်ကို အမှန်တကယ် ကိုယ်စားပြုတဲ့ တောင်သူလယ်သမားအများစုရဲ့ ဆန္ဒနှင့်အညီဖြစ်စေရန်လိုအပ်ခြင်း၊ အထက်တွင် ဖော်ပြခဲ့တဲ့အတိုင်း ပြောင်းလဲပြင်ဆင်သတ်မှတ်မည့်နေ့ရက်သည် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များကို ထိခိုက်မှုမရှိစေခြင်းနှင့် သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှာလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ယင်းနေ့ရက် ပြင်ဆင်ခြင်းကို အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီမှုရှိစွာနှင့် ဆောင်ရွက်လာမည်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် လက်ရှိ အခြေအနေတွင် ဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်မည့်အစီအစဉ် မရှိသေးပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကျွန်တော်က အခုလို ဝန်ကြီးဖြေပေးတာကိုလည်း ကျွန်တော်တို့သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စက နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ် သတ်မှတ်ခြင်းကို နိုင်ငံတော်အစိုးရကလုပ်နိုင်တယ်ဆိုတာ လက်ခံပါတယ်။ အဲဒီလိုလုပ်ဖို့အတွက်

**မူကြမ်း**

လည်း နိုင်ငံတော်အစိုးရဆိုတာ လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲလို့ရပါတယ်။ ဒါကြောင့် ဒီသဘောထားဟာ နိုင်ငံတော်အစိုးရရဲ့သဘောထား ဖြစ်သင့်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလို Gazette ဝင် ပြန်တမ်းဝင်နေ့တစ်နေ့ကို ပြောင်းရွှေ့ဖို့၊ သတ်မှတ်ဖို့ဆိုတာ စိုက်ပျိုးရေးဝန်ကြီးဌာနက လာဖြေတယ်ဆိုတာက လုံးဝမသင့်တော်ပါဘူး။ ကျွန်တော်တို့က နိုင်ငံတော်အစိုးရရဲ့ဆုံးဖြတ်ချက်နဲ့ သမ္မတရုံးဝန်ကြီးဌာနကဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ လာရောက်ဖြေဆိုရမည့်အစီအစဉ် ဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေတဲ့အခါမှာ ကျွန်တော်တို့စိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားတွေရဲ့ဆန္ဒ၊ လုပ်ထုံးလုပ်နည်းနဲ့ အစိုးရကလုပ်မယ်ဆိုရင် ကန့်ကွက်စရာမရှိပါကြောင်း ပြောသွားတာဟာ တာဝန်ယူမှု၊ အစိုးရကတာဝန်ယူရမယ့်ဟာကို ဝန်ကြီးကလာပြီးဖြေရတဲ့အတွက် အားနည်းချက်ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ ဒီလို လုပ်ထုံးလုပ်နည်း နိုင်ငံတော်ရဲ့နေ့ထူးရက်မြတ် သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီးတော့ လုပ်နိုင်တဲ့၊ ပြောင်းလဲနိုင်တဲ့၊ သတ်မှတ်နိုင်တဲ့လုပ်ပိုင်ခွင့်တွေ၊ တာဝန်တွေရှိပါသလားဆိုတာ ပထမ မေးချင်ပါတယ်။ အဲဒီလို မရှိဘူးဆိုရင်တော့ ဒါနိုင်ငံတော်အစိုးရကို Cabinet အဖွဲ့ကိုတင်ပြရမယ်လို့ ကျွန်တော်နားလည်ပါတယ်။ ပြီးတော့ မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ခဲ့တာဟာ တောင်သူလယ်သမားတွေရဲ့ဆန္ဒအရလို့ ဝန်ကြီးပြောသွားတာကြားလိုက်ရပါတယ်။ အဲဒီအချိန်က တောင်သူလယ်သမားတွေက နင်းပြားဖြစ်တဲ့အခါမှာ တောင်သူလယ်သမားဆန္ဒကို ဘယ်လိုလုပ်မှယူနိုင်ခဲ့စရာအကြောင်းမရှိပါဘူး။ အာဏာရှင်စနစ်အောက်မှာ တောင်သူလယ်သမားတွေက ခေါင်းတောင်မော်ကြည့်ရဲတဲ့အဆင့် မရှိခဲ့ပါဘူး။ တောင်သူလယ်သမားတွေရဲ့ဆန္ဒကိုယူမယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့ ဒီလိုအချိန်အခါမျိုးမှာ ယူသင့်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူတွေရဲ့ကိုယ်စားလှယ်ပါ။ လယ်သမားတွေရဲ့ကိုယ်စားလှယ်ပါ။ ကျွန်တော်တို့လွှတ်တော် ရဲ့ဆန္ဒကိုယူလို့လည်း ရပါတယ်။ ဒ့ါကြောင့် တာဝန်ခံရမယ့်အလုပ်ကို တာဝန်ခံရမယ့် ပုဂ္ဂိုလ်တွေကလာမဖြေဘဲနဲ့ ဝန်ကြီးဖြေတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့က ဒီအပေါ်မှာထပ်ပြီးတော့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ပြန်လည်တင်ပြဖို့ အစီအစဉ်ရှိ/မရှိနှင့် ပြည်သူ့ဆန္ဒကိုခံယူမယ်၊ လယ်သမားဆန္ဒကိုခံယူမယ်ဆိုတာ အဲဒီအထဲမှာ အစီအစဉ်တစ်ရပ်အဖြစ် ပါဝင်မှုရှိ/မရှိ ကျွန်တော်တို့အနေနဲ့ သိရှိလိုတဲ့အတွက် ထပ်ဆင့်မေးခွန်းအားဖြင့် ဝန်ကြီးကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**မူကြမ်း**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မေးခွန်းရဲ့အဖြေပေးရမယ်ဆိုလို့ရှိရင် အခု လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်ထဲမှာလည်း ပါပါတယ်။ ကျွန်တော်ရဲ့ ပထမပိုင်းတင်ပြချက်မှာ အချက်သုံးချက်ပါတယ်။ အချက်သုံးချက်က ပထမတစ်ချက်ကတော့ ဒီလိုနေ့ထူးနေ့များကိုသတ်မှတ်ခဲ့ခြင်းသည် လူတစ်ဦးရဲ့ ဆန္ဒ၊ အများ၏ဆန္ဒ၊ Stakeholder လို့ခေါ်တဲ့ သက်ဆိုင်သူအားလုံး၏ဆန္ဒ။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာကိုက လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးတည်းရဲ့ဆန္ဒလား။ အားလုံး၏ဆန္ဒလား။ တောင်သူလယ်သမားများအားလုံးကို ကိုယ်စားပြုပြီးတင်တဲ့ဆန္ဒလား။ ဒါတွေ စိစစ်ဖို့လိုတယ်။ ဒုတိယအချက်က လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ဖို့လိုတယ်။ တတိယအချက်အနေနဲ့ကတော့ ကျွန်တော်ပြောတဲ့အချက်ထဲမှာ တောင်သူလယ်သမားများအတွက် ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေး Point of view ကကြည့်ပြီးပြောလိုက်တဲ့အချက်က တောင်သူလယ်သမားများရဲ့ လုပ်ငန်းခွင်ရာသီ အားလပ်တဲ့အချိန်ကာလဖြစ်ဖို့လိုတယ်။ ဒီသုံးချက်ကိုပဲ ကျွန်တော်ဖြေကြားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာရဲ့ဆိုတာနဲ့ပတ်သက်ပြီးတော့ စောစောကပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဖြေထဲမှာပဲရှိပါတယ်။ ကျွန်တော့်မှာ ဒီဆုံးဖြတ်ပိုင်ခွင့်အာဏာမရှိပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနမှာလည်း ဆုံးဖြတ်ပိုင်ခွင့်အာဏာမရှိပါဘူး။ အစိုးရအဖွဲ့အနေနဲ့ကတော့ကော နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ဖြစ်ပေါ်လာတဲ့အခြေအနေပေါ်မှာမူတည်ပြီးတော့ ပြုပြင်ပြောင်းလဲဆောင်ရွက်တဲ့နေရာမှာ ဒီမိုကရေစီအစိုးရလို့ဆိုတဲ့အတိုင်းပဲ အများဆန္ဒကနေပြီးမှ ဖြစ်ပေါ်လာတဲ့ အပေါ်မှာအခြေခံပြီးမှ အစိုးရရဲ့ဆုံးဖြတ်ချက်က မှန်ကန်တည်ငြိမ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအကြောင်းအရာလေးကို ထည့်သွင်းပြီးတော့ ကျွန်တော့်အနေနဲ့ဖြေကြားပေးခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အထဲမှာပဲ ကျွန်တော့်အနေနဲ့တော့ ဒါကြီးကိုပြောင်းဖို့ ကျွန်တော်ဆောင်ရွက်မှာလားဆိုတဲ့ မေးခွန်းအတွက်ကတော့ ကျွန်တော်ဖြေတဲ့အတိုင်းပဲ ပြန်ဖြေပါမယ်။ ဆောင်ရွက်ချက်က စောစောကပြောခဲ့တဲ့ ကျွန်တော်ပြောတဲ့ အချက်သုံးချက်အပေါ်မှာ မူတည်ပြီးတော့ဆောင်ရွက်လာမယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း၊ မိမိအနေနဲ့သော်လည်းကောင်း ကန့်ကွက်ရန်မရှိပါ။ ဒါကြောင့်မို့လို့ စနစ်စည်းကမ်းနဲ့ညီညွတ်တဲ့ဆောင်ရွက်မှုမျိုးနဲ့ နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်သတ်မှတ်ခြင်းကို ဆောင်ရွက်သင့်ပါကြောင်းပဲ ပြောချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံတော်ရဲ့နေ့ထူးနေ့မြတ်တစ်ခုဟာ လွယ်လွယ်ကူကူသတ်မှတ်လို့မရပါဘူး။

နောက်ဆက်တွဲပြသနာပေါင်း မြောက်မြားစွာရှိတဲ့အတွက် ဒီလိုပဲ ကျွန်တော်ပြန်ကြားပါရစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ တောင်သူလယ်သမားများရဲ့ဆန္ဒကို ရယူပြီး ခုနကပြောတဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးစားပြီးတော့ ပြောင်းလဲနိုင်ဖို့ အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်ပေးစေချင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသား များအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးကျော်အောင်လွင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည် တော်များ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ်ပါတယ် ခင်ဗျား။ အဲဒီအဆိုကတော့ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ

အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က အာရှနှင့် အရှေ့တောင်အာရှရဲ့ ထိပ်တန်းနိုင်ငံ ဖြစ်ခဲ့ပြီးတော့ အိမ်နီးချင်းနိုင်ငံတွေ ခေါင်းမော်ကြည့်ရ အထင်ကြီးလေးစားခံခဲ့ရတဲ့ ကျွန်တော်တို့ နိုင်ငံ ဟာ နှစ် ၅၀ ကျော် စနစ်လွဲတွေအောက်မှာ အဆင်းရဲကြီးဆင်းရဲ၊ အမွဲကြီးမွဲလို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာအဘက်ဘက်မှ နိမ့်ပါးကာ အိမ်နီးချင်းနိုင်ငံများကြားမှာ မျက်နှာအငယ်ကြီး ငယ်နေရပါတယ်။ မိမိနိုင်ငံမှာ အလုပ်အကိုင်ရှားပါးလို့၊ လုပ်ခလစာနည်းပါးလို့ သူတစ်ပါးနိုင်ငံမှာ မျက်နှာအငယ်ခံ၊ အဖိခံ၊ အနှိမ်ခံဘဝနဲ့ သူတစ်ပါးမလုပ်ချင်တဲ့အလုပ်တွေကို လုပ်ခလစာနည်းနည်းနဲ့ လုပ်နေကြရတာပါ။ မြန်မာအများစုလုပ်နေရတဲ့အလုပ်တွေဟာ Dirty၊ Dangerous၊ Difficult အလုပ် မျိုးတွေပါ။ အဲဒီလိုသွားရောက်လုပ်ကိုင်နေတဲ့ မြန်မာတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဟာ မိသားစုအတွက်မဖြစ်လို့ သွားရောက်လုပ်ကိုင်ရပေမယ့် သူတစ်ပါးနိုင်ငံမှာ လုံးဝမပျော်ပါးကြဘဲ ဖြစ်နိုင်ရင် ချက်ချင်းပြန်ချင်တဲ့သူတွေပါ။ အဲဒီလိုသွားရောက်လုပ်ကိုင်သူတွေဟာ တရားဝင် Work Permit နဲ့ သွားရောက်လုပ်ကိုင်သူတွေရှိသလို တစ်ဖက်နိုင်ငံမှာ အလုပ်ကောင်းကောင်းရမယ်၊ လစာကောင်းကောင်းရမယ်ဆိုတဲ့ မက်လုံးနဲ့ ပွဲစားခတွေကို အတိုးကြီးကြီးချေးငှားပေးပြီးတော့ အဲဒီနိုင်ငံရောက်မှ အလိမ်ခံလိုက်ရ၊ ရောင်းစားခံလိုက်ရတဲ့ တရားမဝင်အလုပ်သမားတွေ များစွာရှိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အဲဒီလို သူ့နိုင်ငံမှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ သူ့ဘာသာစကားလည်း နားမလည်၊ ဘယ်ကိုမှပဲ မဆက်သွယ်မသွားလာတတ်၊ သွားလာရင်လည်း အဖမ်းအဆီးခံရပြီးတော့ အကြွေးယူပေးခဲ့တဲ့ ပွဲစားခအတွက် ဘဝပျက်မယ်။ ဖိစီးနှိပ်စက် ဥပဒေမဲ့ပြုကျင့်ခံရလို့မှ ဘယ်ကိုသွားရမယ်၊ ဘယ်သူ့ကိုတိုင်ရမယ်၊ ဘာလုပ်ရမယ်မသိ၊ သူ့လက်ခုတ်ထဲမှာ သွန်လိုသွန်၊ မှောက်လိုမှောက် အတိဒုက္ခရောက်နေတဲ့ ခိုကိုးရာမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ များစွာပါ။ အလုပ်ရှင်တွေက လစာကို နှစ်ကုန်မှစုပေးမယ်ဆိုပြီး မသေရုံ၊ စားဖြစ်ရုံ ငွေထုတ်ပေး၊ နှစ်ပြည့်လို့ လစာတောင်းတော့၊ လိုက်သတ်လို့ သေပြေးရှင်ပြေး ထွက်ပြေးခဲ့ရတဲ့ မြန်မာတွေလည်း များစွာရှိပါတယ်။ အဲဒီအထဲက နမူနာတစ်ခုအဖြစ် လွန်ခဲ့တဲ့လကပဲ စင်ကာပူနိုင်ငံမှာ အိမ်ရှင်သားအမိရဲ့ နှိပ်စက်သတ်ဖြတ်ခြင်းခံရလို့ သေဆုံးသွားတဲ့ ဇိုမီး ချင်းတိုင်းရင်းသူလေး

**မူကြမ်း**

မပောင်လိုက်ဒွန်ရဲ့ အဖြစ်ဟာ ရင်နင့်စရာကောင်းလှပါတယ်။ သူမဟာ တီးတိန့်မြို့နယ် ဒိန်ပီးကျေးရွာသူ ချင်းတိုင်းရင်းသူလေးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညနေကလည်း ထိုင်းနိုင်ငံ (တောင်ပိုင်း) တကွာမြို့နယ် ရော်ဘာခြံမှာ အလုပ်လုပ်နေတဲ့ စေတုတ္တရာမြို့နယ် ဒုံညောင်းကျေးရွာသား ကိုနိုင်လင်းစိုး (၃၅)နှစ်ကို သေနတ်နဲ့ပစ်သတ်သွားခဲ့ပါတယ်။ တရားခံကိုသိပေမယ့် ဘယ်သူမှ သက်သေမလိုက်ရဲလို့ တရားခံမဖော်ထုတ်နိုင်သေးပါဘူး။ အဲဒီလိုပဲ ထိုင်းနိုင်ငံ ရနောင်းမြို့မှာ လူသတ်မှုနဲ့ စွပ်စွဲဖမ်းဆီးနှိပ်စက်ခံနေရတဲ့ မြန်မာအလုပ်သမားလေးဦးရဲ့ အဖြစ်တွေ၊ ထိုင်းနိုင်ငံ ခိုတောင်ကျွန်းမှာ လူသတ်မှုနဲ့ စွဲချက်တင်စွပ်စွဲခံထားရတဲ့ ကိုဝင်းဇော်ထွန်းနဲ့ ကိုဇော်လင်းတို့ရဲ့ အဖြစ်မျိုးတွေ၊ လစာကောင်းကောင်းရမယ်လို့ လိမ်ခေါ်ပြီးတော့ တရုတ်မယားအဖြစ် ရောင်းစားခံရလို့ ဘဝပျက်ခဲ့ရတဲ့ မြန်မာမလေးတွေ၊ အလုပ်လုပ်ရင်းနဲ့ အလုပ်ရှင်စော်ကားခံရလို့ လူမသိ၊ သူမသိ ဘဝပျက်နေရတဲ့ မြန်မာအမျိုးကောင်းသမီးတွေ၊ ထိုင်းနိုင်ငံ ဇိမ်ခန်းတွေမှာ အလုံပိတ်လှောင်ခံထားရပြီးတော့ ထွက်ပြေးဖို့ကြိုးစားရင် ရက်ရက်စက်စက်နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းခံရတဲ့ မြန်မာမလေးတွေ၊ တံငါလှေတွေမှာ ဘုမသိ ဘမသိရောင်းစားခံရလို့ တစ်ပြားတစ်ချပ်မှမရဘဲ ကျွန်အဖြစ် ရက်စက်စွာ ခိုင်းစေခံရပြီး အလျဉ်းမသင့်ရင် ပစ်သတ်ခံရတဲ့မြန်မာတွေ အဲဒီလို များလှစွာသောဖြစ်ရပ်တွေဟာ အလွန်ကြေကွဲစရာကောင်းလှပါတယ်။ နိုင်ငံတကာမှာ နိုင်ငံရပ်ခြားထွက်ပြီးတော့ အလုပ်လုပ်ကြတဲ့ သူတို့နိုင်ငံသားတွေကို သူတို့ရဲ့အစိုးရတွေက ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးမှုတွေ ရှိကြပါတယ်။ စင်ကာပူမှာအလုပ်လုပ်နေတဲ့ ထိုင်းအလုပ်သမားတစ်ဦးရဲ့ အချိန်ပိုလုပ်ခကို စင်ကာပူအလုပ်ရှင်က လျှော့ချတော့ ထိုင်းသံရုံးက ချက်ချင်းပဲ စင်ကာပူအလုပ်သမားဝန်ကြီးဌာနကိုအကြောင်းကြားပြီး စင်ကာပူအလုပ်ရှင်ကို စစ်ဆေးအရေးယူ လုပ်ခအပြည့်ထုတ်ပေးစေခဲ့တဲ့ နမူနာတစ်ရပ်ရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစ္စရေးအစိုးရဟာ ရန်သူလက်မှာ အဖမ်းခံထားရတဲ့ အစ္စရေးစစ်သားတစ်ဦး ပြန်လွတ်ဖို့ ဖမ်းဆီးထားတဲ့ အကြမ်းဖက်သမား ၄၀၀ ကျော်နဲ့ သူ့နိုင်ငံသားကို လဲလှယ်ပြီးတော့ တန်ဖိုးထား ကယ်တင်ခဲ့တဲ့ နမူနာရှိခဲ့ပါတယ်။ နောက်ဥပမာတစ်ခုကတော့ ၂၀၀၉ ခုနှစ်လောက်ကပါ။ အမေရိကန်နိုင်ငံသား မစ္စတာဂျွန်ရတ်တော ယခု နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ဝန်းထဲကို ကျူးကျော်ဝင်ရောက်တဲ့ဖြစ်စဉ်မှာတုန်းက ပြစ်ဒဏ်ချမှတ်တဲ့အတွက် အမေရိကန် လွှတ်တော်အမတ် ဂျွန်ဗုစ်နဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ လေယာဉ်စင်းလုံးနဲ့ လာရောက်အစိုးရနဲ့ဆွေးနွေးညှိနှိုင်းပြီးတော့ အပြစ်ကျူးလွန်ထားတဲ့ သူ့နိုင်ငံသားကို ပြန်လည်ခေါ်ထုတ်သွားခဲ့တဲ့ ဖြစ်ရပ်လည်း ရှိခဲ့ပါတယ်။ သူ့နိုင်ငံသားတွေကို အလေးထား၊ တန်ဖိုးထားခဲ့တဲ့ သာဓကတွေပါ။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ဒီလိုအဖြစ်ဆိုးတွေနဲ့ မြန်မာအလုပ်သမားတွေ ဒုက္ခပင်လယ်ကြောမှာ မျောနေကြရတာဟာ အရင်းစစ်တော့ အာဏာရှင်စနစ်ဆိုးက လက်သည်ပါ။ အာဏာရှင်စနစ်ဆိုးက ဒီအခြေအနေကို တွန်းပို့ခဲ့တာပါ။ အဲဒီ ပြည်ပရောက်မြန်မာတွေဟာ ခေတ်ပြောင်း၊ စနစ်ပြောင်းကို ကမ္ဘာဦးလူတွေ နေ၊ လကို မျှော်သလို မျှော်ခဲ့ကြတာပါ။ မိဆိုးဖဆိုးရဲ့ လက်မှာ သားသမီးတွေ ဒုက္ခရောက်ကြရသလို ကူကယ်ရမယ့် မြန်မာအလုပ်သမားတွေဟာ ဒီမိုကရေစီ အစိုးရတည်းဟူသော မိကောင်းဖကောင်းကို လိုချင်လွန်းလို့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို လမ်းမပေါ် ညအိပ်စောင့်မဲပေးပြီး တာဝန်ကျေခဲ့ကြပါပြီ။ ဒါ့ကြောင့် ဒီနေ့ ပြည်သူတွေအားကိုးတကြီး မဲပေးရွေးချယ်ခဲ့တဲ့ ဒီမိုကရေစီအစိုးရရဲ့ ပခုံးထက်မှာ မိမိတို့ရဲ့ ရင်သွေးရင်းနစ်တွေ သူတစ်ပါးရဲ့လက်မှာ မတရားပြုကျင့်ခံနေရတာကို ကယ်တင်စောင့်ရှောက်ပေးရမယ့်တာဝန်ဟာ ကျရောက်လို့ လာခဲ့ပါပြီခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၈ မှာ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်လို့ ပါရှိသလို၊ ပုဒ်မ ၃၈၀ မှာ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်လို့ ပါရှိပါတယ်ခင်ဗျာ။ ဒါ့ကြောင့် နိုင်ငံရပ်ခြားမှာ သွားရောက်အလုပ်လုပ်နေရတဲ့ ကျွန်တော်တို့မြန်မာတွေ ဥပဒေမဲ့ပြုကျင့်ခံရကာ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးတွေ ဆုံးရှုံးနေတဲ့အတွက် မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနဲ့ လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား အလုပ်ရှင်များမှ ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးထွန်းထွန်း ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနဲ့ လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသားတွေ နိုင်ငံရပ်ခြားသွားရောက်အလုပ် လုပ်ကိုင်ရတဲ့ အဓိကအကြောင်းအရင်းကတော့ မိမိနိုင်ငံမှာ လုပ်ကိုင်စရာလယ်ယာမြေတွေမရှိတော့ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်း စတဲ့ အကြောင်းအရာတွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ခလစာပိုကောင်းတဲ့ အလုပ်အကိုင်ပေါများတဲ့ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ် စတဲ့နိုင်ငံတွေကို အများဆုံးသွားရောက်လုပ်ကိုင်နေကြရပါတယ်။ အများစုလုပ်ကိုင်ရတဲ့ အလုပ်တွေဟာ Dirty၊ Dangerous၊ Difficult လို့ ခေါ်တဲ့ ညစ်ပတ်ပေရေတဲ့အလုပ်၊ ဘေးအန္တရာယ်များတဲ့ အလုပ်၊ ခက်ခဲဆင်းရဲတဲ့အလုပ်တွေပါ။ အဲဒီလိုလုပ်ကြရပေမယ့် ကျွန်တော်တို့မြန်မာတွေဟာ ထိုက်သင့်တဲ့လစာမရခြင်း၊ အသက်အန္တရာယ်များခြင်း၊ လူမှုရေးအရ ချိုးနှိမ်ဆက်ဆံခံရခြင်း၊ လူ့အခွင့်အရေး ခေါင်းပုံဖြတ်ခံရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းတို့ တွေ့ကြုံခံစားနေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမူနာတစ်ခုအနေနဲ့ ဩဂုတ်လ ၁၅ ရက်နေ့ညက ထိုင်းနိုင်ငံ(တောင်ပိုင်း) ဆူရပ်ဌာနေခရိုင်ရှိ သစ်စက်တစ်ခုတွင် ထားဝယ်မြို့နယ် လောင်းလုံရွာသား မောင်မိုးအား ဈေးဝယ်သွားရန် သူ၏အလုပ်သမားကတ်တောင်းခံခြင်းကြောင့် အလုပ်ရှင်မှ သေနတ်ဖြင့် ခေါင်းကိုချိန်၍ သေနပ်ဒင်ဖြင့် ခေါင်းကိုထုရိုက်ခြင်းကြောင့် သွေးလွန်၍ သတိလစ်မေ့မျောခဲ့ပါတယ်။ ဆေးရုံသွားခွင့်မပေးဘဲ ပိတ်လှောင်ထားခြင်းခံခဲ့ရပါတယ်။ သစ်စက်ရုံတွင် မြန်မာအလုပ်သမား ၁၀၀ ကျော်ခန့်ရှိသော်လည်း ထိုင်းလူမိုက်များ စောင့်ကြပ်ထားပြီး မည်သူမျှ အပြင်ထွက်ခွင့်မရခဲ့ကြပါ။ မြန်မာသံရုံး၊ အလုပ်သမား သံအရာရှိထံ တိုင်ကြားရာ ရဲစခန်းတွင်သာ အမှုဖွင့်တိုင်ကြားရန် ဖြေကြားခဲ့ကြောင်း သိရပါတယ်။ ဒီဖြစ်စဉ်ကိုကြည့်ရင် ထိုင်းအလုပ်ရှင်က မြန်မာအလုပ်သမားတွေအပေါ် ဥပဒေကိုချိုးဖောက်၍ကျူးလွန်တာဖြစ်ပါတယ်။ သူ့နိုင်ငံရဲ့ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ဖို့ မြန်မာအလုပ်သမားတွေဘက်က မားမားမတ်မတ်ရပ်တည်ကာကွယ်စောင့်ရှောက်ပေးမှု လိုအပ်နေတာ

အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ လူမသိ သူမသိနဲ့ နှိပ်စက်ညှဉ်းပန်းခံ၊ စော်ကားခံ ဘဝပျက် အသက်ပေးလိုက်ရတဲ့မြန်မာတွေ များစွာရှိပါတယ်။ ထိုင်းကပြန်တဲ့ မြန်မာတွေဟာ စာရွက်စာတမ်း မပြည့်စုံရင် ကိုးသုံးလုံး (၉၉၉) ဂိတ်လို့ခေါ်တဲ့ နယ်ခြားစောင့်တပ်ကိုပို့ပြီး ဘတ်ငွေ ၂၀၀၀ ခန့်ပေးမှ ပြန်ထွက်ခွင့်ပြုပါတယ်။ အလုပ်အဆင်မပြေလို့ ငွေမပေးနိုင်တဲ့ မြန်မာတွေကို ဂိတ်တာဝန်ရှိသူတွေက စိုက်ခင်းတွေမှာ ခိုင်းစေတာရှိသလို ထိုင်းငါးဖမ်းလှေတွေကိုလည်း ပြန်လည်ရောင်းစားပါတယ်။ ထိုင်းငါးဖမ်းစက်လှေတွေပေါ်မှာ ထမင်းစားကျွန်ခဲ့ကြရပြီး အဆင်မသင့်ရင် အသက်ပါအသတ်ခံကြရ ပါတယ်။ ဥပဒေမဲ့ပြုကျင့်နေတာဟာ ကူကယ်ရာမဲ့ဘဝတွေအဖြစ် ရင်နင့်စရာတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟာ ဇွန်လ ၂၃ ရက်နေ့ ထိုင်းနိုင်ငံကို တရားဝင်အလည်အပတ်ခရီးသွားရောက်ခဲ့ပါတယ်။ အဲဒီခရီးစဉ် ရဲ့အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများအရေးနှင့် မြန်မာရွှေ့ပြောင်းအလုပ် သမားများရဲ့ အခွင့်အရေးများပြောဆိုဖို့ပါ။ မဟာချိုင်ဒေသကို ဒေါ်အောင်ဆန်းစုကြည်သွားရောက်စဉ် များပြားလှစွာသော မြန်မာအလုပ်သမားများ မိုးသည်းသည်းမှာ မျှော်လင့်တကြီးစောင့်ဆိုင်းနေခဲ့ကြပါ တယ်။ အစိုးရအဆက်ဆက် လျစ်လျူရှုခြင်းခံခဲ့ရတဲ့မြန်မာတွေ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို အားကိုးတကြီးနဲ့ တိုင်တည်ဖို့ စောင့်မျှော်ခဲ့ပေမယ့် မိုးသည်းထန်ခြင်း၊ အကြောင်းကြောင်းကြောင့် တွေ့ခွင့်မရလို့ မျက်ရည်စက်လက်နဲ့ အော်ဟစ်ငိုကြွေးခဲ့ကြပါတယ်။ အဲဒီထဲက မြန်မာလုပ်သားတစ်ဦး က ကျွန်တော်တို့ ဒီအချိန်မှာ တစ်ချိန်လုံး ဖိနှိပ်ခံနေရတယ်။ အခွင့်အရေးတွေ ချိုးဖောက်ခံနေရတယ်။ ကျွန်တော်တို့တွေ ဒီထက်ပိုပြီး နေမှု၊ ထိုင်မှုအဆင်ပြေဖို့ရယ်၊ နောက်ထပ် ဒီမှာ ဘယ်လောက်နေရမလဲ၊ မြန်မာပြည်ကို ဘယ်အချိန်ပြန်ရမလဲ အမေ့ကို မေးချင်ပါတယ်လို့ ပြောတဲ့စကားဟာ ကျွန်တော်တို့ အတွက် အင်မတန်မှ ရင်နင့်စရာကောင်းပါတယ်။

ဥက္ကဌကြီးခင်ဗျား။ မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုဟာ တရားဥပဒေရဲ့ ကာကွယ် စောင့်ရှောက်မှုအောက်၌ မရှိဘဲ ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းခံနေကြရပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ထိုင်းတက္ကသိုလ်ကျောင်းသူတစ်ဦး မတရားကျင့် သတ်ဖြတ်ခံခဲ့ရတယ်။ အဲဒီမှာ တရားခံ ရှာမရတဲ့အဆုံး မြန်မာလုပ်သားတစ်ဦးကို တရားခံလုပ် ဖမ်းဆီးထောင်ချလိုက်ပါတယ်။ နောက်နှစ် အနည်းငယ်ကြာမှ ဒတ်တက္ကသိုလ်မှ ကျောင်းသားတစ်ဦးကို ကျူးလွန်ကြောင်းတရားခံစစ် ပေါ်ပေါက်ခဲ့ ပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေကို အခြားနိုင်ငံအလုပ်ရှင်တွေက ဥပဒေမဲ့ရက်ရက်စက်စက် အနိုင်ကျင့်နှိပ်စက် လူ့အခွင့်အရေးတွေ၊ အလုပ်သမားအခွင့်အရေးတွေချိုးဖောက်ခံနေရတာကို

အာဏာရှင်အစိုးရအဆက်ဆက် ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့စိတ်ဓာတ်နဲ့ လျစ်လျူရှုတာခံခဲ့ရပါတယ်။ ပြည်သူတွေရဲ့အကျိုးစီးပွားအတွက် ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာတော့ မိမိနိုင်ငံသားတွေအပေါ်မှာ အလုပ်ရှင်တွေက ဥပဒေမဲ့ အနိုင်ကျင့်စော်ကား၊ လူ့အခွင့်အရေးတွေချိုးဖောက်နေမှုများကို နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်ပြီး ထိရောက်စွာဖြေရှင်းပေးကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသော မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသာအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၂-၉-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**